SITUATION UPDATE

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)
Women's League of Burma (WLB)

ဇူလိုင်လ – ဒီဇင်ဘာလ ၂၀၂၃ ခုနှစ်

ခြုံငုံသုံးသပ်ချက်

၂၀၂၃ ခုနှစ် ဒုတိယနှစ်ဝက်အတွင်းတွင် အကြမ်းဖက်စစ်တပ်သည် ဆိုးဝါးပြင်းထန်သော စစ်ရာဇဝတ်မှုများကို မြန်မာနိုင်ငံတဝှမ်း ဆက်လက်ကျူးလွန်ခဲ့သည်။ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်း၊ နေရာမရွေး ပစ်ခတ်တိုက်ခိုက်ခြင်း၊ ကျေးရွာမီးရှို့ဖျက်ဆီးခြင်းများကြောင့် အသက်ဆုံးရှုံးမှုများအပြင် စစ်ဘေးရှောင် (IDPs) အရေအတွက် သိသိသာသာ မြင့်တက်လာခဲ့သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့အထိ အကြမ်းဖက်စစ်တပ်၏ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကြောင့် သေဆုံးသူ ၄၂၇၅ ဦးရှိပြီး ၎င်းတို့အနက် ၇၀၈ ဦးမှာ အမျိုးသမီးများ ဖြစ်သည်။ မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်အရ ၂၀၂၃ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်းတွင် အကြမ်းဖက်စစ်တပ်ကြောင့် အနည်းဆုံး အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ၅၆ ဦး အသတ်ခံခဲ့ရပြီး ၄၃ ဦး မတရား ဖမ်းဆီးခံခဲ့ရသည်။

အကြမ်းဖက်စစ်တပ်သည် အာဏာသိမ်းရန် ကြိုးပမ်းမှု စတင်ခဲ့ချိန်မှစ၍ ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုပေါင်း ၁၄၄ ကြိမ် ကျူးလွန်ခဲ့သည်။ ဤအရေအတွက်သည် ၂၀၂၃ အောက်တိုဘာ ၉ ရက်နေ့တွင် စစ်ရှောင်မိသားစု ၁၀၀ ကျော်နေထိုင်သည့် ကချင်ပြည်နယ် မုန်လိုင်ခက် ကျေးရွာတွင် ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု မပါဝင်သေးပေ။ လေကြောင်း တိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် အမျိုးသမီး ၁၀ ဦးနှင့် အမျိုးသမီးငယ် ၁၀ ဦး အပါအဝင် အနည်းဆုံး လူ ၂၉ ဦးသေဆုံးခဲ့ပြီး လူပေါင်း ၆၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ နိုဝင်ဘာ ၁၅ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်သည် ချင်းပြည်နယ် ဝေလူးတောင်ပေါ်ကျေးရွာရှိ စာသင်ကျောင်းအဖြစ် အသုံးပြု နေသော အိမ်တစ်လုံးပေါ်သို့ ဗုံးကြဲခဲ့သည်။ ဗုံးပေါက်ကွဲမှုကြောင့် ကလေးငယ် ၈ ဦးနှင့် လူကြီး ၃ ဦး သေဆုံး ခဲ့သည်။ ဤတိုက်ခိုက်မှု နှစ်ခုလုံးသည် စစ်ရာဇဝတ်မှုမြောက်သည့် ဥပဒေကြောင်းအရ သတ်မှတ် စံနှုန်းများနှင့် ကိုက်ညီသော ရာဇဝတ်မှုများဖြစ်သည်။ အောက်တိုဘာလ ၂၂ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း အကြမ်းဖက်စစ်တပ်သည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း လေကြောင်း တိုက်ခိုက်မှုနှင့် ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး အရပ်သား ၅၀ ကျော်ကို မတရား ဖမ်းဆီးကာ လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ အောက်တိုဘာ ၂၇ ရက်နေ့တွင် အကြမ်းဖက် စစ်တပ်သည် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်၌ အရပ်သား ၅ ဦးကို မီးရှို့သတ်ဖြတ်ခဲ့သည်။

အောက်တိုဘာ ၂၇ ရက်နေ့တွင် ညီနောင်မဟာမိတ် ၃ ဖွဲ့ဖြစ်သည့် မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရက္ခိုင့် တပ်တော် (AA) တို့သည် တရုတ်နိုင်ငံနှင့် နိုင်ငံ၏ အရှေ့မြောက်နယ်စပ်တစ်လျှောက် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ အကြမ်းဖက်စစ်တပ်၏ စစ်စခန်းများ၊ ရဲစခန်းများနှင့် ဗျူဟာမြောက်မြို့များကို ထိုးစစ်ဆင် သည့် ၁၀၂၇ စစ်ဆင်ရေးကို ပြုလုပ်ခဲ့သည်။

၁၀၂၇ စစ်ဆင်ရေးသည် EROs များ၏ အကြမ်းဖက်စစ်တပ်ကို တိုက်ခိုက်မှုများထဲတွင် အဆန်းပြားဆုံးသော ပူးပေါင်းစစ်ဆင်ရေးတစ်ရပ်ဖြစ်ပြီး တဖြည်းဖြည်း အရွယ်အစားနှင့် အင်အားကြီးထွားလာကာ နိုင်ငံတဝှမ်း အခြားအတိုက်အခံ အင်အားစုများ၏ ထိုးစစ်ဆင်မှုများကိုပါ တပြိုင်တည်း ဖြစ်ပေါ်စေခဲ့သည်။ ကရင်နီ (ကယား) ခုခံတော်လှန်ရေး အင်အားစုများသည် နိုဝင်ဘာ ၁၁ ရက်နေ့တွင် ၁၁၁၁ စစ်ဆင်ရေးဟုခေါ်သည့် ထိုးစစ်ဆင်မှုတစ်ခု ပြုလုပ်ခဲ့ပြီး လွိုင်ကော်နှင့် ဒီမော့ဆိုမြို့နယ်အပါဝင် ရှမ်းပြည် ဖယ်ခုံမြို့နယ် အနီးတဝိုက်ရှိ အကြမ်းဖက်စစ်စခန်း ၄၀ ထက်မနည်းကို သိမ်းပိုက်နိုင်ခဲ့သည်။ ယခုအစီရင်ခံစာ ရေးသားနေသည့် ကာလအတွင်း ညီနောင်မဟာမိတ်အဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တဝှမ်းရှိ မြို့ပေါင်း ၂၃ မြို့နှင့် အကြမ်းဖက်စစ်တပ်၏ ကင်းစခန်းနှင့် တပ်စခန်းပေါင်း ၄၀၀ ကျော်ကို သိမ်းပိုက်နိုင်ခဲ့သည်။

တိုက်ပွဲများကြောင့် အရပ်သားများအတွက် သိသိသာသာ ဆုံးရှုံးနစ်နာမှုများရှိခဲ့ပြီး ရှမ်းပြည် အတွင်းရှိ လူတစ်သိန်းအပါအဝင် လူပေါင်း ၆ သိန်းထက်မနည်း အိုးအိမ်မဲ့ဖြစ်ခဲ့သည်။ ဒီဇင်ဘာ ၁၅ ရက်နေ့ အထိ ကုလသမဂ္ဂ၏ သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၂၇ ရက်နေ့မှစ၍ အနည်းဆုံး အရပ်သားပြည်သူ ၃၇၈ ဦး သေဆုံးခဲ့ပြီး ၅၀၅ ဦး ဒဏ်ရာရရှိကာ လူပေါင်း ၆၆၀,၀၀၀ ကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့ရပြီး နိုင်ငံအဝှမ်း စစ်ဘေးရှောင်ပြည်သူပေါင်း ၂ သန်းနီးပါးထိ ရှိသွားပြီဖြစ်သည်။

လူနည်းစုတိုင်းရင်းသူအမျိုးသမီးများအပေါ် အကြမ်းဖက်စစ်တပ်မှ ဆယ်စုနှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သည့် အကြမ်းဖက်နည်းဗျူဟာ တစ်ခုဖြစ်သည့် အကြမ်းဖက်စစ်တပ်မှ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် နိုင်ငံအဝှမ်း ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ဇူလိုင်လ ၃၀ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ် စွမ်လုံကျေးရွာမှ အမျိုးသမီး ၂ ဦးကို ခမရ ၅၆၉ မှ အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များမှ သီးခြားစီ အုပ်စုဖွဲ့ မုဒိမ်းကျင့်မှု ဖြစ်ပွားခဲ့သည်။ ဩဂုတ်လ ၂၆ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်ရှိ ရွှေမန်းသူအမည်ရ အသက်နှစ်ဆယ်ကျော်အရွယ် ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ဦးသည်လည်း အသတ်မခံရမီ အကြိမ်ကြိမ် မုဒိမ်းကျင့်ခံခဲ့ရသည်။

ပဋိပက္ခနှင့် ဆက်နွယ်သော လိင်အကြမ်းဖက်မှုသည် အသံတိတ်အဖြစ်ဆုံးနှင့် ဖော်ထုတ်ရှုတ်ချခံရမှု အနည်းဆုံး ရာဇဝတ်မှုဖြစ်ပြီး အဓိက ပစ်မှတ်ထားခံရသူများမှာ တိုင်းရင်းသူအမျိုးသမီးများနှင့် မိန်းကလေးငယ်များဖြစ်သည်။ ဂျဲန်ဒါခွဲခြားဆက်ဆံမှုကြီးစိုးလွှမ်းမိုးသည့် အာဏာရှင်ဖိနှိပ်မှုသည် လက်တွေ့ ပြင်ပနယ်ပယ်တွင်သာမက အွန်လိုင်းနယ်ပယ်တွင်ပါ ဖြစ်ပွားလျှက်ရှိသည်။ အကြမ်းဖက်စစ်တပ် ထောက်ခံသော အမျိုးသားများသည် အွန်လိုင်းတွင် အမျိုးသမီး တက်ကြွလှုပ်ရှားသူများကို ၎င်းတို့၏ တည်နေရာအပါအဝင် ပုဂ္ဂိုလ်ရေးအချက်အလက်များကို ဖော်ထုတ်ဖြန့်ဝေခြင်းအပြင် လိင်အစွန်းရောက် အသုံးအနှုန်းများ အသုံးပြုကာ ပစ်မှတ်ထား တိုက်ခိုက်လျှက်ရှိသည်။ ထိုပစ်မှတ်ထားခံရသည့် အမျိုးသမီး တက်ကြွလှုပ်ရှားသူ အများအပြားမှာလည်း အကြမ်းဖက်စစ်တပ်၏ အတင်းအဓမ္မ မတရားဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

ဂျဲန်ဒါခွဲခြားဆက်ဆံမှုကြီးစိုးလွှမ်းမိုးသည့် အာဏာရှင်ဖိနှိပ်မှုသည် နိုင်ငံရေးနှင့် တိုင်းရင်းသားရေး နယ်ပယ်ပါမကျန် မြန်မာနိုင်ငံအတွင်း နက်ရှိုင်းစွာ အမြစ်တွယ်လျှက်ရှိသည်။ မြန်မာ့အမျိုးသမီးသမဂ္ဂ၏ လတ်တလော ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ခုခံတော်လှန်ရေး အင်အားစုများသည်လည်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပြင် အခြားသောအကြမ်းဖက်မှုများလည်း ကျူးလွန်နေသည်။ ဧပြီလ တွင် NUG လက်အောက် လှုပ်ရှားနေသော လုံခြုံရေးတပ်ဖွဲ့တစ်ခု၏ အဖွဲ့ဝင်

၈ ဦးသည် ဖမ်းဆီးထိန်းသိမ်းထားသော အမျိုးသမီးတစ်ဦးကို အုပ်စုဖွဲ့မုဒိမ်းကျင့်မှုကျူးလွန်ခဲ့သည့်အတွက် ဖမ်းဆီးခံခဲ့ရပြီး အပြစ်ပေးအရေးယူခံခဲ့ရသည်။ မကွေးတိုင်းဒေသကြီးတွင် အာဏာပိုင်များနှင့် ပကဖ (ပြည်သူ့ကာကွယ်ရေးအဖွဲ့) များ ဇူလိုင်လ ၁၉ ရက်နေ့တွင် အစည်းအဝေးပြုလုပ်နေစဉ် လှောင်ပြောင် သရော်ခဲ့မှုကြောင့် အမျိုးသမီးနှစ်ဦးကို ကြိုးချည်ကာ အချက် ၃၀ ရိုက်နှက်ခဲ့သည်။

ပြည်နယ်နှင့်တိုင်းအလိုက် အမျိုးသမီးများ အကြမ်းဖက်ခံရမှုပြ မြေပုံ

(၂၀၂၃ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ)



	အသတ်ခံရခြင်း	ထိန်းသိမ်းခံရခြင်း	ထောင်ချခံရခြင်း	ဖမ်းဆီးခံရခြင်း	သေမိန့်ချခံရခြင်း
စစ်ကိုင်းတိုင်း	၂၉၇	၅၇၂	၂၂၄	၆၆၀	၁
ချင်းပြည်နယ်	၃၀	၂၁	၃	၄၇	
မန္တလေးတိုင်း	၄၅	၇၆၈	၃၇၂	၈၇၆	
ရခိုင်ပြည်နယ်	၃၁	၁၆	၇	၃၆	
မကွေးတိုင်း	၆၂	၂၃၃	၅၃	၂၈၀	
ဧရာဝတီတိုင်း	၂	၂၂၄	၆၄	၂၇၀	
ရန်ကုန်တိုင်း	၂၄	၈၆၉	၂၄၆	၁၃၁၆	၁၅
မွန်ပြည်နယ်	၂၁	၁၃၁	၂၃	၁၇၀	
အခြား		၂၀	၅	၇၀	
ကချင်ပြည်နယ်	၂၄	၁၀၁	၂၂	၁၉၃	
ရှမ်းပြည်နယ်	၃၉	၁၄၇	၄၆	၂၃၁	
နေပြည်တော်	၁	၄၈	၁၅	၇၈	
ကရင်နီ/ကယားပြည်နယ်	၁၉	၂၀	၁၄	၄၃	
ပဲခူးတိုင်း	၆၁	၂၇၂	၉၁	၃၈၀	
ကရင်ပြည်နယ်	၂၆	၅၆	၁၃	၁၁၀	
တနင်္သာရီတိုင်း	၂၆	၂၃၈	၇၀	၄၀၁	

SOURCE: ASSISTANCE ASSOCIATION FOR POLITICAL PRISONERS (BURMA)

အမျိုးသမီးများအား အကြမ်းဖက်သတ်ဖြတ်ပုံ အမျိုးအစားများ

၂၇	သပိတ်ဖြိုခွဲခြင်း
၁၄၅	လေကြောင်းတိုက်ခိုက်ခြင်း
၂၃၇	လက်နက်ကြီးပစ်ခတ်ခြင်း
၈၅	ထိန်းသိမ်းခံထားရခြင်း
၁၁	မုဒိမ်းကျင့်ခံရခြင်း
၄၇	မီးရှို့ခံရခြင်း
၁၃၀	သေနတ်ပစ်ခံရခြင်း
၁၆	ဓားဖြင့်တိုက်သတ်ခြင်း/ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းခြင်း/ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခြင်း/ မြေမြှုပ်မိုင်း
၁၀	အခြား

အသတ်ခံရသည့် အမျိုးသမီး
စုစုပေါင်း
၇၀၈

SOURCE: ASSISTANCE ASSOCIATION FOR POLITICAL PRISONERS (BURMA)

စစ်ရာဇဝတ်မှုများနှင့် နိုင်ငံတကာ တာဝန်ခံမှု

Security Forces Monitor မှ စောင့်ကြည့်လေ့လာထားသည့် သုတေသနအသစ်အရ တပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအပေါ် စစ်တပ်အကြီးတန်းအရာရှိများ၏ လွှမ်းမိုးထိန်းချုပ်မှုများကို ဖော်ထုတ်ခြင်းဖြင့် အကြမ်းဖက်စစ်တပ်၏ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုး နွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများဆိုင်ရာ အထောက်အထားများကို ပိုမိုအားကောင်းစေသည်။ သုတေသနသည် ၂၀၂၃ ခုနှစ် မတ်လအထိ ၁၂ နှစ်တာ ကာလအတွင်း အကြီးတန်းစစ်တပ်အရာရှိများအားလုံး၏ ၆၄ ရာခိုင်နှုန်းသည် မုဒိမ်းမှုနှင့် လိင်အကြမ်းဖက်မှု အပါအဝင် စစ်ရာဇဝတ်မှုများအတွက် တာဝန်ရှိကြောင်း တွေ့ရှိခဲ့သည်။ ထိုထဲတွင် လူ့အခွင့်အရေး ချိုးဖောက်မှုကို အဆိုးဝါးဆုံး ကျူးလွန်သူမှာ အာဏာသိမ်းအကြမ်း ဖက်စစ်တပ်၏ အဖွဲ့ဝင်၊ မြန်မာနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်ဖြစ်သူ ကာကွယ်ရေးဝန်ကြီးဟောင်း ဗိုလ်ချုပ်ကြီး မြထွန်းဦး ဖြစ်ကြောင်း သုတေသန ပြချက်အရ တွေ့ရှိရသည်။ ဤသုတေသနသည် နိုင်ငံတကာ ရာဇဝတ်ခုံရုံးတွင် အကြမ်းဖက်စစ်တပ် အနေဖြင့် ၎င်းတို့၏ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ခံရန် လုံလောက်သော သက်သေ အထောက်အထားများကို ပံ့ပိုးပေးထားပါသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းများဖြစ်သော အိန္ဒိယ၊ တရုတ်နှင့် အခြား အနောက်ဘက်ရှိ ရုရှားတို့၏ လေယာဉ်များ၊ ဒရုန်းများနှင့် စစ်လက်နက်များ ပံ့ပိုးပေးခြင်းကြောင့် အကြမ်းဖက်စစ်တပ်သည် နိုင်ငံအတွင်း ဆိုးဝါးပြင်းထန်သည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ပိုမိုကျူးလွန်နိုင်စေသည်။ နိုင်ငံတကာအသိုင်းအဝိုင်းသည် မြန်မာ့အရေးအပေါ် စိတ်ဝင်စားမှုနည်းပုံရပြီး ပြစ်တင်ရှုတ်ချသည့် ကြေညာချက်များမှလွဲ၍ မည်သည့်အရေးယူမှုမျှ မရှိခြင်းကြောင့် အကြမ်းဖက်စစ်တပ်သည် ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို ပြစ်ဒဏ်မဲ့ ဆက်လက်ကျူးလွန်နေနိုင်ဆဲဖြစ်သည်။ အာဆီယံသည် အကြမ်းဖက်စစ်တပ်၏ တရားဝင်မှုကို အသိအမှတ်ပြုရန် တရားဝင် ငြင်းဆိုခဲ့သော်လည်း ၎င်း၏ တိတ်တဆိတ် သံခင်းတမန်ခင်း ချဉ်းကပ်မှုနှင့် အချက် ၅ ချက်ပါ ဘုံသဘောတူညီချက်အပေါ်တွင်သာ တည်ရှိနေသည့်အပြင် နောက်ကွယ်တွင် တရုတ်ပြီးလျှင် မြန်မာနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နှင့် လက်နက်ရောင်းချသူအဖြစ် တည်ရှိနေခြင်းသည် ၎င်း၏ မရိုးသားမှုကို ညွှန်ပြနေသည်။

လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်း၊ မတရားဖမ်းဆီးခြင်း၊ အရပ်သားများကို လူသားဒိုင်းအဖြစ် အသုံးပြုခြင်းများသည် နိုင်ငံတဝှမ်း ဆက်လက်တိုးမြင့် ဖြစ်ပေါ်လျှက်ရှိသည့်အပြင် လတ်တလောတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း၌ သိသိသာသာ ပိုမိုမြင့်တက်လာသည်။ WLB အဖွဲ့ဝင်ဖြစ်သည့် ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ (KWAT) ၏ အစီရင်ခံစာအရ အကြမ်းဖက်စစ်တပ်၏ ဆိုးဝါးရက်စက်သည့် ရာဇဝတ်မှုများ တိုးမြင့်လာခြင်း၏ အကြောင်းအရင်းထဲတွင် တရုတ်နိုင်ငံ၏ ခါးပတ် တစ်ကွင်းလမ်းတစ်စင်း ပိုးလမ်းမ စီမံကိန်း (BRI) တိုးတက်ရေးလုပ်ဆောင်ရန် ဆုံးဖြတ်ချက်သည်လည်း တစ်စိတ်တစ်ပိုင်း ပါဝင်သည်။ လက်ရှိ မြေပုံများအရ ဆိုးဝါးရက်စက်သည့် ရာဇဝတ်မှုအများစုသည် BRI စီမံကိန်းနေရာများနှင့် ၎င်း၏ သယ်ယူပို့ဆောင်ရေးစကြံ်န်များတစ်လျှောက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။ အကြမ်းဖက်စစ်တပ်သည် တရုတ်နိုင်ငံ၏ BRI တိုးချဲ့မှု အတွက် သယ်ယူ ပို့ဆောင်ရေးလမ်းကြောင်းများ လုံခြုံစေရန် စစ်ရှောင်ပြည်သူ ၁၀၇,၀၀၀ နေထိုင်လျှက်ရှိသော BRI စကြံ်န် တလျှောက်ရှိ ရှိရင်းစွဲ စစ်ရှောင်စခန်းများကို ပိတ်ပစ်ရန် စီစဉ်နေပြီး သက်သေ အထောက်အထား များရရှိရန် ခက်ခဲနေသည်။

လူသားချင်းစာနာမှု အကျပ်အတည်းနှင့် နယ်စပ်ဖြတ်ကျော်အကူအညီများ

ခုခံတော်လှန်ရေး အင်အားစုများသည် ၂၀၂၃ ခုနှစ် ဒုတိယနှစ်ဝက်တွင် အကြမ်းဖက်စစ်တပ်အား ဖြုတ်ချ နိုင်ချေရှိသည်အထိ သိသာထင်ရှားသည့် အောင်မြင်မှုများ လုပ်ဆောင်နိုင်ခဲ့သည်။ ဤသို့ ပဋိပက္ခ များ ပိုမို ပြင်းထန်လာခြင်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီလိုအပ်ချက်မှု များကို လျင်မြန်စွာ တိုးမြှင့်စေခဲ့သည်။ ယခုအချိန်သည် ယခင်ကထက် ပိုမိုအရေးကြီးလာပြီဖြစ်သည်။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အကူအညီလိုအပ် နေသည့် သန်းနှင့်ချီသော လူထုထံသို့ ရောက်ရှိလိုပါက ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် ရမည်ဖြစ်သည်။

အာဏာသိမ်းရန်ကြိုးပမ်းမှု စတင်ချိန်မှစ၍ အကြမ်းဖက်စစ်တပ်သည် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ လုပ်ဆောင်နေသူများ၏ ခရီးသွားလာမှုကို တင်းကြပ်စွာ ကန့်သတ်ခြင်း၊ အကူအညီပေးရန် ယာဉ်တန်းများ ဝင်ရောက်သော လမ်းများကို ပိတ်ဆို့ခြင်း၊ စစ်ဘက်မဟုတ်သော ထောက်ပံ့ရေးပစ္စည်း များကို ဖျက်ဆီးခြင်းနှင့် အကူအညီပေးရေးလုပ်သားများကို တိုက်ခိုက်ခြင်းတို့ လုပ်ဆောင်ခဲ့သည်။ အကျိုးဆက်အနေဖြင့် နိုင်ငံတကာ လူသားချင်းစာနာထောက်မှု အကူအညီပေးရေး အေဂျင်စီများသည် မြန်မာနိုင်ငံတွင် ဆက်လက်နေထိုင်ပြီး လူသားချင်းစာနာထောက်ထားမှု အကူညီများ ပေးအပ်နိုင်ရန် ရည်ရွယ်ချက်များဖြင့် စစ်တပ်နှင့် စာချွန်လွှာရေးထိုးကာ အကူအညီအားလုံးနီးပါးအား မြန်မာနိုင်ငံ အတွင်းမှ ပေးအပ် နေရခြင်းဖြစ်သည်။

UNHCR အချက်အလက်များအရ အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းရန် ကြိုးပမ်းချိန်မှ စတင်၍ စစ်ဘေးရှောင်ပြည်သူ အရေအတွက်မှာ ၂.၆၅ သန်းကျော် တိုးမြင့်လာခဲ့သည်။ စစ်ဘေးရှောင်အများ အပြားမှာ ERO ထိန်းချုပ်နယ်မြေများတွင်ရှိသောကြောင့် ထိုအဖွဲ့အစည်းများသည် အကြမ်းဖက် စစ်တပ် နှင့် MOU သဘောတူစာချွန်လွှာ ရေးထိုးပြီးသည့်တိုင် အကူအညီများ ပေးပို့ရန် EROs စစ်ဆေးရေးဂိတ် များတွင် စစ်ဆေးခံကြရမည်ဖြစ်သောကြောင့် ERO များထံတွင်လည်း ခွင့်ပြုချက်ရယူရန် လိုအပ် ပါသည်။ ဥပမာအားဖြင့် AHA Center သည် ပအိုဝ့်အမျိုးသားတပ်မတော် (PNA) ပြည်သူ့စစ် ထိန်းချုပ် ထားသော ဒေသတစ်ခုဖြစ်သည့် ဆီဆိုင်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရန် ကြိုးပမ်းစဉ် လက်နက်ကိုင် တိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။ နန်းနိမ်ပဋိပက္ခ ဖြစ်ပြီးနောက် ပအိုဝ့် အမျိုးသားအဖွဲ့အစည်း (PNO) က ၎င်းတို့ထိန်းချုပ်နယ်မြေအတွင်းသို့ ပြင်ပလူများ ဝင်ရောက်ခြင်းအား ကန့်သတ်ခဲ့သည်။ UNHCR သည် လူသားချင်းစာနာထောက်ထားမှု အကူအညီများအတွက် တာဝန်ရှိ သော်လည်း ပင်လောင်းဒေသသို့ မရောက်ရှိနိုင်ခဲ့ပေ။ ယင်းအစား လူသားချင်းစာနာထောက်ထားမှု အကူအညီများသည် အကြမ်းဖက် စစ်တပ်နှင့် နီးကပ်စွာ ဆက်စပ်နေသော လူမှုဝန်ထမ်းများကိုသာ အဓိက အကျိုးဖြစ်စေခဲ့သည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ပံ့ပိုးသည့် အထောက်အပံ့ပစ္စည်းများကို ဒေသခံဈေးဆိုင်များတွင် တွေ့ရှိရခြင်းကို ကြည့်ခြင်းအားဖြင့် ထိခိုက်ခံရသော ရပ်ရွာပြည်သူလူထုများသည် WFP မှ ပံ့ပိုးသော အကူအညီများ လက်လှမ်းမီရန် စိန်ခေါ်မှုရှိနေဆဲဆိုသည်ကို သက်သေပြနေသည်။ ထူးခြားသည်မှာ ယခင်အစိုးရလက်ထက်မှ အုပ်ချုပ်ရေးမှူးဟောင်းများနှင့် ကျေးရွာတာဝန်ရှိသူများသည် WFPနှင့် ပူးပေါင်း ဆောင်ရွက်နေဆဲပင်ဖြစ်သည်။ WFP အနေဖြင့် ဝေးလံသောဒေသများရှိ စစ်ရှောင်ပြည်သူ များကို ထောက်ပံ့ရန် ရည်ရွည်ချက်ရှိသော်လည်း အကြမ်းဖက်စစ်တပ်သည် ၎င်းတို့၏ လုပ်ငန်း ဆောင်ရွက်မှုများကို မြို့တွင်း တွင်သာ လုပ်ဆောင်ရန် ကန့်သတ်ထားပြီး ဝေးလံသော နေရာဒေသ

များရှိ ထိခိုက်နစ်နာသော စစ်ရှောင်ပြည်သူများထံ အကူအညီများမရောက်ရှိအောင် ကန့်သတ်တားဆီးထားသည်။ ထို့ကြောင့် WFP သည် မြို့ပေါ်ရှိ စစ်ဘေးရှောင်များထံသာ အကူအညီများ ဖြန့်ဝေနိုင်ခဲ့သည်။

ပြည်တွင်းဒေသခံ အရပ်ဖက်အဖွဲ့အစည်းများ CSO များသည် အကြမ်းဖက်စစ်တပ်ထိန်းချုပ်သော နယ်မြေများရှိ စစ်ဘေးရှောင်ပြည်သူများကို အကူအညီများပေးပို့ရန် အန္တရာယ်များစွာရင်ဆိုင်ကြရသော်လည်း ၎င်းတို့သည် နည်းလမ်းရှာကာ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု အေဂျင်စီများထက် ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်သည်ကို သက်သေပြလျက်ရှိသည်။ ၎င်းတို့၏ နယ်မြေဗဟုသုတရှိခြင်းနှင့် ရပ်ရွာလူထုတို့နှင့် သာလွန်ကောင်းမွန်သော ဆက်ဆံရေးကြောင့် တိုင်းရင်းသားထိန်းချုပ်နယ်မြေများနှင့် အကြမ်းဖက်စစ်တပ် ထိန်းချုပ်နယ်မြေနှစ်ခုစလုံးရှိ စစ်ဘေးရှောင်ပြည်သူများထံ အကူအညီများ ကောင်းမွန်စွာ ရောက်ရှိနိုင်ခဲ့သည်။

တိုင်းရင်းသူအမျိုးသမီးအဖွဲ့အစည်းများသည် တိုင်းရင်းသားနယ်မြေများ၊ အထူးသဖြင့် နယ်စပ်ဒေသများရှိ ပဋိပက္ခဒဏ်သင့် ပြည်သူများဆီသို့ ဆယ်စုနှစ်များစွာ အကူအညီများ ပံ့ပိုးပေးခဲ့ပြီး အလိုအပ်ဆုံးသော ပြည်သူများဆီသို့ အကူအညီများ ပေးပို့နိုင်ရန်စနစ်များ တည်ဆောက်ထားပြီးဖြစ်သည်။ တိုင်းရင်းသား CSO များသည် တန်ဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံများနှင့် ကျွမ်းကျင်မှုများ ရှိသော်လည်း နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် နိုင်ငံတကာအသိုင်းအဝိုင်းမှ ရန်ပုံငွေပံ့ပိုးမှုများ လိုအပ်လျက်ရှိသည်။

အတုအယောင် ရွေးကောက်ပွဲ

အကြမ်းဖက်စစ်တပ်သည် ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း အတုအယောင်ရွေးကောက်ပွဲ ကျင်းပရန် အရေးနိမ့်ခဲ့သော်လည်း နှစ်နှစ်အတွင်း အတုအယောင်ရွေးကောက်ပွဲကို ကျင်းပရန် ပြင်ဆင်မှုများ ဆက်လက်ပြုလုပ် နေဆဲဖြစ်သည်။ ၎င်းတို့ ရည်ရွယ်ထားသည့် အတုအယောက်ရွေးကောက်ပွဲသည် နိုင်ငံတကာမျက်နှာစာတွင် တရားဝင်မှုအချို့ ပြန်လည်ရရှိရန်နှင့် စစ်ရာဇဝတ်မှုများအတွက် တာဝန်ခံမှုကို ရှောင်ရှားရန်အတွက် အလွန်ညံ့ဖျင်းသည့် ကြိုးပမ်းမှုတစ်ခုပင် ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲသည် ငြိမ်းချမ်းရေးလမ်းစတစ်ခု ဖြစ်သည်ဆိုသည့် အကြမ်းဖက်စစ်တပ်၏ လုပ်ကြံဇာတ်အောက်တွင် နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် လှည့်စားမခံရရန် အလွန်အရေးကြီးသည်။ အကြမ်းဖက်စစ်တပ် အနေဖြင့် ရွေးကောက်ပွဲကို ကျင်းပနိုင်ခဲ့ပါက လွတ်လပ်သော တရားမျှတမှုနှင့် ပို၍ပင် အလှမ်းကွာဝေးသွားမည်ဖြစ်ပါသည်။

အကြမ်းဖက်စစ်တပ်သည် လအတော်ကြာအောင် အတုအယောင် ရွေးကောက်ပွဲအတွက် ရှေ့ပြေးသန်းခေါင်စာရင်းလုပ်ဆောင်ခြင်းဖြင့် နိုင်ငံသားများ၏ အချက်အလက်များကို စုဆောင်းကာ မြေပြင်လုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ထို့အပြင် အကြမ်းဖက်စစ်တပ်သည် သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် စောင့်ကြည့်ခြင်းအတွက် တရုတ်နိုင်ငံ၏ အကူအညီရယူခဲ့ပြီး ယခုအခါ ပြည်သူများ၏ ဇီဝဆိုင်ရာအချက်အလက်များကို ရယူရန် e-ID စနစ်ကို စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဤအတုအယောင် ရွေးကောက်ပွဲကို ငြိမ်းချမ်းရေးလမ်းစဉ်တစ်ခုအဖြစ် ယုံကြည်ကာ လှည့်ဖျားမခံသင့်ပေ။ အကြမ်းဖက်စစ်တပ်အနေဖြင့် ၎င်းတို့၏ စစ်ရာဇဝတ်မှုများကို တာဝန်ခံမှုရှိပြီး အမျိုးသမီးများအပါအဝင် တိုင်းရင်းသား အစုအဖွဲ့အားလုံး ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်တစ်ရပ် ကျင့်သုံးမှုမရှိမချင်း မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး ရှိလာမည်မဟုတ်ပေ။

စီးပွားရေးအခြေအနေ

အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းရန်ကြိုးပမ်းမှုသည် နိုင်ငံအတွင်း စီးပွားရေးကို ဆိုးဝါးစွာ ထိခိုက်စေခဲ့ပြီး ၂၀၂၃ ခုနှစ် ဇွန်လအထိ ၁၂ လအတွင်း စားသုံးကုန်ဈေးနှုန်းများ ၂၉ ရာခိုင်နှုန်းထိ မြင့်တက်သွားခဲ့သည်။ အကြမ်းဖက်စစ်တပ်၏ ဘဏ္ဍာရေးနှင့် စီးပွားရေးမူဝါဒများသည် အခြေအနေကို ပိုမိုဆိုးဝါးစေခဲ့ပြီး ၂၀,၀၀၀ ကျပ်တန် ငွေစက္ကူသစ် ထုတ်ပေးခဲ့ခြင်းကြောင့် ဇူလိုင်လအတွင်းတွင် ငွေကြေးမတည်ငြိမ်မှုနှင့် ငွေကြေးဖောင်းပွမှုကို ဆိုးဝါးစွာ ဖြစ်ပေါ်စေခဲ့သည်။

အကြမ်းဖက်စစ်တပ်မှ အာဏာသိမ်းရန် စတင်ကြိုးပမ်းခဲ့ချိန်မှစ၍ ဆန်ဈေးသည် နှစ်ဆတိုးမြင့်ခဲ့ပြီး စားအုန်းဆီဈေးမှာ ၃ ဆအထိ မြင့်မားခဲ့သည်။ ISP ၏ အဆိုအရ မြို့နယ်ပေါင်း ၁၁၀ တွင် ၅၆ မြို့နယ်သည် စားသုံးဆီ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေကြရသည်။ ၂၀၂၃ ခုနှစ် မေလတွင် နောက်ဆုံးထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ဘဏ်စစ်တမ်းအရ လယ်ယာစိုက်ပျိုးရေးအိမ်ထောင်စုများ၏ ၄၈ ရာခိုင်နှုန်းသည် စားနပ်ရိက္ခာ မလုံလောက်မှုအတွက် စိုးရိမ်နေကြရပြီး ဤအခြေအနေသည် ယခင်နှစ်ကထက် ၂၆ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်။ ထိုအစီရင်ခံစာထဲတွင် မြန်မာနိုင်ငံတစ်ဝှမ်း အလုပ်အကိုင်ရရှိမှုနှုန်း များလည်း ဆိုးဝါးစွာ ကျဆင်းလာသည်ကို မီးမောင်းထိုးပြထားပြီး ၂၀၂၂ ခုနှစ်တွင် ၄.၈ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်။ ဤအခြေအနေ သည် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက အမျိုးသမီးများပေါ်တွင် ပိုမိုသက်ရောက်မှုဖြစ်စေခဲ့သည်။ အမျိုးသမီးများသည် အလုပ်အကိုင်အခွင့်အလမ်းရရှိရန် ပိုမိုခဲယဉ်းပြီး အလုပ်လက်မဲ့ ဖြစ်နိုင်ချေ ပိုများ သကဲ့သို့ ပညာရေးနှင့် လေ့ကျင့်သင်ကြားခွင့် အခွင့်အလမ်းများ ဆုံးရှုံးရန်လည်း ပိုမိုဖြစ်နိုင်ချေများ သည်။ အလုပ်အကိုင်ရရှိမှုနှုန်း ကျဆင်းလာခြင်းသည်လည်း ဒေသတစ်ခုနှင့်တစ်ခုကြား ကြီးမားစွာ ကွာခြားချက် ရှိသည်။ ကရင်နီ/ကယား၊ ကရင်နှင့် တနင်္သာရီဒေသများတွင် ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အလုပ်အကိုင်ရရှိမှုနှုန်းမှာ ၁၅ ရာခိုင်နှုန်းကျော်အထိ သိသိသာသာ ကျဆင်းခဲ့သည်။

ပညာရေး

မျိုးဆက်သစ် ကလေးငယ်များသည် ပညာရေးဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရသည်။ ကမ္ဘာ့ဘဏ် စစ်တမ်းအရ ကလေးသူငယ်များနှင့် လူငယ်များ၏ ကျောင်းအပ်နှံမှု၊ အထက်တန်းကျောင်းအပ်နှံမှုသည် ၂၀၁၇ ခုနှစ်တွင် ၆၉ ဒသမ ၂ ရာခိုင်နှုန်းရှိရာမှ ၅၆ ဒသမ ၈ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း သိရသည်။ တရားဝင် ကျောင်းအပ်ထားသည့် ကျောင်းသူကျောင်းသားများမှာလည်း လုံခြုံရေးပြဿနာများနှင့် နေရာပြောင်းရွှေ့မှုများကြောင်း ကျောင်းတက်ရန် ကြီးမားသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။

WLB အဖွဲ့ဝင်အဖွဲ့အစည်းများ၏ အစီရင်ခံစာအရ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျောင်းနေသည့်အရွယ် ကလေးငယ်များသည် ပြင်ပသို့ အလုပ်အကိုင်သွားရောက်ရှာဖွေမှုများ သိသိသာသာ မြင့်တက်လာပြီး ဒေသအတွင်းတွင်လည်း ဆိုင်ကယ်မောင်းသမားများအဖြစ် အလုပ်ရှာဖွေနေသည်။ အချို့သော ကလေးများသည် ပုဂ္ဂလိကကျောင်းများတွင် တက်ရောက်နေကြသော်လည်း ကျောင်းသူ၊ ကျောင်းသားများအကြား မူးယစ်ဆေးဝါးသုံးစွဲမှုမှာ စိုးရိမ်ဖွယ်ကောင်းနေသည်။ ကြောက်မက်ဖွယ်ရာကောင်းသည်မှာ အကြမ်းဖက် စစ်တပ်မှ တည်ထောင်ထားသည့် ကျောင်းများအတွင်းပင်လျှင် မူးယစ်ဆေးဝါးသုံးစွဲမှု သိသိသာသာ များပြားနေပြီး ဤအခြေအနေသည် ပညာရေးလောကအတွင်း ပျံ့နှံ့ဖြစ်ပွားနေသည့် ပြဿနာတစ်ရပ်အဖြစ် မီးမောင်းထိုးဖော်ပြထားသော အစီရင်ခံစာများလည်း ထွက်ပေါ်လာသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့များ နှစ်ဖက် စလုံးသည် စာသင်ကျောင်းများတွင် ကလေးငယ်များ၏ ပညာရေးအတွက် ပုံမှန်လုပ်ဆောင်မှုများ လုပ်ဆောင်လျက်ရှိသည်။ သို့သော်လည်း ဩဂုတ်လနောက်ဆုံးအပတ်တွင် ပညာရေးဆိုင်ရာအဖွဲ့အစည်း များအားလုံးကို ပိတ်လိုက်ပြီးနောက် အပြောင်းအလဲတစ်ခု ဖြစ်ပွားခဲ့သည်။ ထိုသို့ ရုတ်တရက် ပိတ်လိုက်ရခြင်းမှာ မူဆယ်မြို့နယ် ဇယ်လန့်/ဂျေလန့် ကျေးရွာအနီး ဖြစ်ပွားသော ၁၀၂၇ စစ်ဆင်ရေး၏ အကျိုးဆက်တစ်ခု ဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှု

မြန်မာနိုင်ငံရှိ ပြည်သူလူထုသည် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် ကြီးမားသော စိန်ခေါ်မှုများ ရင်ဆိုင်နေရသည်။ အကြမ်းဖက်စစ်တပ်၏ အင်တာနက်များ၊ လမ်းများပိတ်ဆို့မှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လိုအပ်သောဆေးဝါးနှင့် အရင်းအမြစ်များ လုံလောက်မှုမရှိသည့်အပြင် သိသာထင်ရှားဆုံးမှာ အကြမ်းဖက်စစ်တပ်မှ ကျန်းမာရေးဝန်ထမ်းများအား တိုက်ခိုက်ခြင်းပင်ဖြစ်သည်။ Insecurity Insight မှ တွေ့ရှိချက်အရ အာဏာသိမ်းရန် စတင်ကြိုးပမ်းချိန်မှစ၍ မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်အား ပစ်မှတ်ထား တိုက်ခိုက်မှုပေါင်း အနည်းဆုံး ၁,၀၈၇ ကြိမ် ဖြစ်ပွားခဲ့ပြီး ထိုထဲတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဖြစ်ပွားသော တိုက်ခိုက်မှု အရေအတွက်မှာ ၃၂၀ ကြိမ် ဖြစ်သည်။ အနည်းဆုံး ကျန်းမာရေးဝန်ထမ်းပေါင်း ၈၈၀ ဦး ဖမ်းဆီးခံခဲ့ရပြီး ၉၇ ဦး သေဆုံးကာ ၁၁၇ ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် အဓိက အကြမ်းဖက်စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများ (သို့မဟုတ်) လက်နက်ကြီး ပစ်ခတ်မှုများကြောင့် ကျန်းမာရေး အဆောက်အဦးများ ထိခိုက်ပျက်စီးခဲ့သည့် ဖြစ်စဉ်ပေါင်း ၁၀၀ ကျော် ရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှု ဥပဒေသည် ကျန်းမာရေးဌာနများ၊ ဝန်ထမ်းများနှင့် ဒဏ်ရာရရှိသူများနှင့် နာမကျန်းသူများအား တိုက်ခိုက်ခြင်းကို တားမြစ်ထားသည်။

တိုင်းရင်းသားဒေသများရှိ စစ်ရေးထိုးစစ်ဆင်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ သက်ရောက်မှုများ

၆ လတာကာလအတွင်းတွင် အကြမ်းဖက်စစ်တပ်သည် မြန်မာနိုင်ငံတဝှမ်းရှိ တိုင်းရင်းသား လူမျိုးများအပေါ် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်။ ၁၀၂၇ စစ်ဆင်ရေး ရလဒ်အနေဖြင့် အကြမ်းဖက်စစ်တပ်နှင့် ပဋိပက္ခပိုမိုပြင်းထန်လာသောကြောင့် မိသားစုအများအပြား ထွက်ပြေးတိမ်းရှောင် ခဲ့ရကာ စစ်ရှောင်ဦးရေ ပိုမိုတိုးလာခဲ့သည်။

အကြမ်းဖက်စစ်တပ်၏ "ဖြတ်လေးဖြတ်" ဗျူဟာသည် မြန်မာနိုင်ငံရှိ ပြည်သူများ၏ ဘဝအခြေအနေ အသီးသီးအပေါ် ဆိုးဝါးစွာ သက်ရောက်ခဲ့သည်။ "ဖြတ်လေးဖြတ်" ဗျူဟာသည် လွန်ခဲ့သော ၁၉၆၀ ပြည့်လွန် နှစ်များကတည်းကပင် အကြမ်းဖက်စစ်တပ်မှ တိုင်းရင်းသားလူမျိုးများအပေါ် ကျင့်သုံးခဲ့သော နည်းလမ်းဖြစ်ပြီး ရည်ရွယ်ချက်ရှိရှိဖြင့် ပြည်သူများအိုးအိမ်မဲ့ဖြစ်လာအောင် သူတို့၏ ကျေးရွာများကို ဖျက်ဆီးခြင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ၊ စားနပ်ရိက္ခာများ၊ ငွေကြေးများကို ပြည်သူများ လက်လှမ်းမမီအောင် ဖြတ်တောက်ခြင်း၊ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်မရအောင်၊ မချိတ်ဆက်နိုင်အောင် အင်တာနက်နှင့် ဖုန်းလိုင်းများ ဖျက်တောက်ခြင်းနှင့် စစ်သားစုဆောင်းခြင်း စသည့် တိုင်းရင်းသား လူမျိုးများအပေါ် ပစ်မှတ်ထား တိုက်ခိုက်သော နည်းဗျူဟာတစ်ခု ဖြစ်သည်။

အကြမ်းဖက်စစ်တပ်သည် အင်တာနက်လိုင်းကို လက်နက်တစ်ခုသဖွယ် အသုံးပြုကာ ပြည်သူလူထု အနေ ဖြင့် စီးပွားရေးမလုပ်နိုင်အောင်၊ ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုများ၊ သတင်းနှင့် သတင်း အချက်အလက်များ မရယူနိုင်အောင် အင်တာနက်ဖြတ်တောက်မှုများ ပြုလုပ်ခဲ့သည်။ ချင်းပြည်နယ်ရှိ ပလက်ဝမြို့နယ်သည် အာဏာသိမ်းရန် ကြိုးပမ်းသည့် ကာလအတွင်း အတော်အသင့် တည်ငြိမ်မှုရှိခဲ့ သော်လည်း အကြမ်းဖက်စစ်တပ်သည် အဆိုပါဒေသတွင် နှစ်နှစ်ကြာသည့်တိုင် အင်တာနက် ပိတ်ဆို့ ထားခဲ့ခြင်းကြောင့် ဆက်သွယ်ရေးနှင့် နေ့စဉ်လူနေမှုဘဝများကို သိသိသာသာ ထိခိုက်စေခဲ့သည်။ WLB အဖွဲ့ဝင်အဖွဲ့အစည်းများ၏ အစီရင်ခံစာအရ အင်တာနက်ဖြတ်တောက်ခြင်းသည် ကလေးငယ်များ အနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှ ဦးစီးသော အွန်လိုင်းကျောင်းများကို တက်ရောက်ရန် အတွက် အတားအဆီးဖြစ်စေသည်။

တိုင်းရင်းသားဒေသ အများအပြားတွင် အကြမ်းဖက်စစ်တပ်မှ လက်နက်ကြီးများ ပစ်ခတ်ရာတွင် လူအများစုဝေးရာနေရာများဖြစ်သော ကျောင်းများ၊ ဆေးရုံများ၊ ဘုန်းကြီးကျောင်းများနှင့် ဘုရားကျောင်း များအား ပစ်မှတ်ထားသည်။ အဆက်မပြတ် ဗုံးကြဲတိုက်ခိုက်မှုများသည် ကလေးများ၏ ပညာ သင်ကြားခွင့်ကို အဟန့်အတား ဖြစ်စေရုံသာမက ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ ပုံမှန်ပြည်လည် လည်ပတ်နိုင်ရေးအတွက် သိသာထင်ရှားသည့် အတားအဆီးများ ဖြစ်စေသည်။ ကချင်ပြည်နယ်၏ စစ်ရေးတင်းမာမှုသည် မိဘများအနေဖြင့် ကလေးများကို ကျောင်းမပို့ရန် တွန်းအားတစ်ခုလည်းဖြစ် နေသည်။

အကြမ်းဖက်စစ်တပ်၏ "ဖြတ်လေးဖြတ်" ဗျူဟာတစိတ်တပိုင်းမှာ စားနပ်ရိပ်ကွာနှင့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများပေးပို့ရာ လမ်းကြောင်းများကိုပိတ်ဆို့ခြင်း၊ လယ်သမားများ၏ ကောက်ပဲ သီးနှံများကို ဖျက်ဆီးခြင်း (သို့မဟုတ်) ကျေးရွာဈေးကွက်အား ဖျက်ဆီးခြင်း၊ သို့မဟုတ် သီးနှံခင်းများ ဆီသို့ သွားလာမှုကို တားဆီးပိတ်ပင်ခြင်းဖြင့် ပြည်သူလူထု စားနပ်ရိက္ခာရရှိမှုကို ဖြတ်တောက်လျက် ရှိသည်။ WLB အဖွဲ့ဝင်အဖွဲ့အစည်းများ၏ အစီရင်ခံစာများအရ နိုင်ငံတဝှမ်း လမ်းခရီးများပိတ်ဆို့ ခြင်းသည် ကုန်ဈေးနှုန်း မြင့်မားလာမှုကို ဖြစ်ပေါ်စေပြီး အထူးသဖြင့် အမျိုးသမီးများအကြား စားဝတ် နေရေးအတွက် စိုးရိမ်မှုများကို ပိုမိုမြင့်မားစေသည်။ ရှမ်းပြည်နယ်တွင် ကြက်ဥ တစ်လုံးလျှင် ကျပ် ၈,၅၀၀ မှ ၁၈,၀၀၀ ကျပ်၊ ခေါက်ဆွဲ ခြောက်တစ်ထုပ်လျှင် ၁၂,၀၀၀ ကျပ်မှ ၁၇,၀၀၀ ကျပ်အထိ ဈေးနှုန်းများ မြင့်တက်လာကြောင်း WLB အဖွဲ့ဝင်အဖွဲ့အစည်းများ၏ အစီရင်ခံစာများတွင် ဖော်ပြထားသည်။

ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်းသည် ရပ်ရွာအတွင်းရှိ အမျိုးသမီးများအတွက် နေ့တဓူဝ ခက်ခဲကြပ်တည်းမှုများကို ဖြစ်စေသည့်အပြင် ကြီးမားသည့် စိတ်ဖိစီးမှုများကိုလည်း ဖြစ်စေသည်။ ဝမ်းနည်းဖွယ် ကောင်းသည်မှာ စားနပ်ရိပ်ကွာ အကျပ်အတည်းသည် လူတစ်ဦးချင်းစီ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ဆိုးဝါးစွာထိခိုက်စေသည်။ တနင်္သာရီတိုင်း သရက်ချောင်းရှိ အမျိုးသမီးတစ်ဦးသည် ဆိုးဝါးသည့် စိတ်ဖိစီးမှု ကြောင့် ကြိုးဆွဲချ သတ်သေခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ရာသီတုပ်ကွေး ဖြစ်ပွားမှုများပြားခြင်းသည်လည်း တိုင်းရင်းသားလူထုအများအပြား ရင်ဆိုင်ကြုံတွေ့ နေရသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဆေးဝါးရရှိရေးမှာလည်း ခက်ခဲလာသည်။ ဒေသအတွင်း ဆေးဝါးကုသရန် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းကြောင်း ကျန်းမာရေးအခက်အခဲများကိုလည်း ကြုံတွေ့နေရသည်။ ဒေသတွင်းရှိ ပြည်သူများသည် ဆေးဝါးကုသမှု လက်လှမ်းမီရန် အန္တရာယ်များသော ခရီးကိုသွားကြရသည်။ အံ့ဩထိတ်လန့်စရာကောင်းသည့်

အချက်မှာ ဆေးဝါးကုသမှုခံယူရန် သွားလာသူများသည် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရပြီး ၎င်းတို့၏ ရုပ်အလောင်းများမှာလည်းပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့်ဒေသခံများအကြားတွင်ကျန်းမာရေး စောင့်ရှောက်မှု ရယူရန် ကြောက်ရွံ့လာကြသည်။

တိုင်းရင်းသား ဒေသများရှိ စစ်ဘေးရှောင်စခန်းများသည် ဆိုးဝါးလှသည့် စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အကျပ်အတည်းများကို ရင်ဆိုင်နေကြရသည်။ ကရင်နီ/ကယား ပြည်နယ်တွင် ပန်းချောင်း စစ်ရှောင်စခန်းရှိ ညစ်ညမ်းသောရေများကြောင့် စခန်းတွင်း နေထိုင်သူများသည် အရေပြားယားယံသည့်ဝေဒနာကိုခံစားနေကြရသည်။ဖရူဆိုမြို့နယ်ရှိစစ်ဘေးရှောင်ပြည်သူများသည် လအတန်ကြာ အထိ လူသားချင်းစာနာထောက်ထားမှုအကူအညီများ လုံးဝမရရှိပဲ စားနပ်ရိက္ခာ လုံးဝ ပြတ်တောက် သွားခဲ့သည်။ စစ်ဘေးရှောင်စခန်းသို့ သွားရောက်ခဲ့သည့် စေတနာ့ဝန်ထမ်းတစ်ဦးက ၎င်းတို့ မည်သို့အသက် ရှင်သန်ရမည်ကို အထူးစိုးရိမ်ခဲ့သည်။ အထူးသဖြင့် အမျိုးသမီးများသည် နာတာရှည်ရောဂါများနှင့်အတူ ၎င်းတို့၏မျိုးဆက်ပွားအင်္ဂါများကို ထိခိုက်သည်အထိ အရေပြား ယားယံခြင်း၊ ပိုးဝင်ခြင်းရောဂါများကို ရင်ဆိုင်ခံစားနေကြရသည်။ ဆောင်းရာသီစတင်ခြင်းနှင့်အတူ စစ်ဘေးရှောင်ပြည်သူများ တိုးမြင့်လာခြင်းကြောင့် အခြေခံအစားအသောက်များ၊ လုံခြုံနွေးထွေးသော အဝတ် အစားများနှင့် စောင်များ အရေးပေါ် လိုအပ်လျှက်ရှိသည်။

မိုးကုတ်မြို့နယ်အတွင်း ဖြစ်ပွားသော ပဋိပက္ခကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသူများအတွက် မည်သည့်ကူညီထောက်ပံ့မှုများ မရှိပဲ စစ်ဘေးရှောင် အများအပြားသည် တရုတ်နယ်စပ် ခြံစည်းရိုး အနီး ယာယီတဲများဖြင့် နေထိုင်နေကြရပြီး မည်သည့်လူသားချင်းစာနာထောက်ထားမှု အကူအညီမှ မရရှိကြောင်း တအာင်းအမျိုးသမီးအစည်းအရုံး (TWO) ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကရင်နီ/ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံနယ်စပ်ရှိ ဒေါ်သြေးခူ ဒုက္ခသည်စခန်းမှ စစ်ဘေးရှောင် ပြည်သူများသည် ထိုင်းအာဏာပိုင်များမှ ၎င်းတို့၏ ယာယီအမိုးအကာများကို ဖယ်ခိုင်းပြီးနောက် ညောင်ပင်များအောက်တွင် ပြောင်းရွှေ့ခိုလှုံခဲ့ကြရပြီး ဆင်းရဲဒုက္ခများ ပိုမိုရင်ဆိုင်ခဲ့ကြရသည်။

ချင်းပြည်နယ်

အကြမ်းဖက်စစ်တပ် စစ်ကြောင်းများသည် အောက်တိုဘာနှင့် နိုဝင်ဘာလအတွင်းတွင် တီးတိန်နှင့် ကန်ပက်လက်မြို့များအတွင်းသို့ ဝင်ရောက်လာကာ ဒေသခံကာကွယ်ရေးတပ်များနှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အကြမ်းဖက်သောင်းကျန်းသူ ပြည်သူ့စစ်အဖွဲ့သည် တွေ့သမျှဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း အပါအဝင် အကြမ်းဖက်မှု လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည်။ ချင်းရေးရာအဖွဲ့ချုပ် (ICA) ၏ အဆိုအရ အာဏာသိမ်းရန် စတင်ကြိုးပမ်းချိန်မှစ၍ ချင်းပြည်နယ်တွင် အမျိုးသမီး ၃၈ ဦး အပါအဝင် အရပ်သား ပြည်သူ ၂၁၇ ဦး သတ်ဖြတ်ခံခဲ့ရပြီး ချင်းလူမျိုး ၁,၀၀၀ ကျော် မတရား ဖမ်းဆီး ခံခဲ့ရသည်။ အကြမ်းဖက်စစ်တပ်၏ စစ်ရာဇဝတ်မှုကြောင့် ချင်းပြည်နယ်တွင် စစ်ဘေးရှောင်ဦးရေ တစ်သိန်းနီးပါးအထိ မြင့်တက်ခဲ့သည်။

နိုဝင်ဘာ ၁၅ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်သည် အိမ်ခြေ ၈၀ လောက်သာရှိသော ဝေလူး တောင်ပေါ် ကျေးရွာပေါ်သို့ ဗုံးကြဲခဲ့သည်။ အကြမ်းဖက်စစ်တပ်သည် စာသင်ကျောင်းအဖြစ် အသုံးပြု နေသော နေအိမ် တစ်လုံးကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ရာ စာသင်ကြားနေသော ကလေးငယ် ၈ ဦးနှင့်

လူကြီး ၃ ဦး သေဆုံးခဲ့သည်။ သေဆုံးခဲ့သည့် ကလေးငယ်များသည် အသက် ၅ နှစ်မှ ၁၂ ကြားဖြစ်ပြီး ထိုထဲတွင် မိန်းကလေးငယ် ၂ ဦးပါဝင်သည်။ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကျေးရွာထဲရှိ ဘုရားကျောင်း ၂ ကျောင်းလည်း ထိခိုက်ပျက်စီးခဲ့သည်။ ချင်းကာကွယ်ရေးတပ်ဖွဲ့ (CDF) ၏ အဆိုအရ ထိုကျေးရွာတွင် မည်သည့် ခုခံတော်လှန်ရေးအင်အားစုများ မရှိကြောင်းနှင့် ယင်းတိုက်ခိုက်မှုမှာ အရပ်သားပြည်သူများကို တမင် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းဖြစ်သည်ဟုဆိုသည်။

ကန်ပက်လက်မြို့နယ်ရှိ စစ်ဘေးရှောင်စခန်း ၃ ခုရှိပြီး လူဦးရေ ၄၀၀ ခန့်ရှိသည်။ အဆိုပါ ဒုက္ခသည်စခန်းများတွင် နေထိုင်သူများသည် စစ်ကြောရေးဝင်ရောက်လာမှုအပေါ် မှုတည်၍ မကြာခဏထွက်ပြေး တိမ်းရှောင်နေရသူများဖြစ်သည်။ အလားတူပင် ဟားခါးမြို့နယ်တွင်လည်း စစ်စခန်းများတည်ရှိပြီး လူဦးရေ ၄၀၀၀ ခန့်ရှိသည်။ တီးတိန်မြို့ရှိ Akluai စစ်ရှောင်စခန်းနှင့် Uilui စစ်ရှောင်စခန်းတို့တွင် စုစုပေါင်း လူဦးရေ ၂,၇၉၉ ဦး ရှိပြီး ထိုထဲတွင် အမျိုးသမီး ၁,၃၃၅ ဦးနှင့် အမျိုးသမီး ၁,၄၆၄ ဦး ပါဝင်ပြီး ၎င်းတို့သည် ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် စစ်ဘေးရှောင်ကြရသူများဖြစ်သည်။

ကချင်ပြည်နယ်

အကြမ်းဖက်စစ်တပ်သည် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း အစုလိုက်အပြုံလိုက် မတရားဖမ်းဆီးမှုကို ပြုလုပ်ခဲ့ရာ မိုးကောင်းမြို့နယ်တွင် ခန့်မှန်းခြေ လူ ၈၀ ခန့် ဖမ်းဆီးခံခဲ့သည်။ ဖမ်းဆီးခံရသူများထဲတွင် အမျိုးသမီးလုပ်ငန်းရှင် ဒေါ်ခင်မာဆွေလည်း အပါအဝင်ဖြစ်ပြီး ၎င်းသည် အကြမ်းဖက်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက စစ်ကြောရေးလုပ်နေစဉ်အတွင်း စက်တင်ဘာ ၂ ရက်နေ့တွင် သေဆုံးခဲ့သည်။ ဇူလိုင် ၈ ရက်နေ့တွင် အကြမ်းဖက်စစ်တပ် လက်ဝေခံအဖွဲ့ဖြစ်သော မင်းဇင်သန့်ဦးဆောင်သည့် ပြည်သူ့စစ်အဖွဲ့ သည် ဖားကန့်မြို့နယ် ရှာဒူဇွပ်ကျေးရွာထဲသို့ လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ရွာသားတစ်ဦး သေဆုံးကာ အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အောက်တိုဘာနှင့် နိုဝင်ဘာလအတွင်းတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် အကြမ်းဖက်စစ်တပ်ကြား ပဋိပက္ခဖြစ်ပွားခဲ့ခြင်းကြောင့် မန္တလေး–မြစ်ကြီးနား အဝေးပြေးလမ်းမကြီးအား ယာယီပိတ်ခဲ့ရသည်။ အကြမ်းဖက်စစ်တပ်၏ ခလရ ၇၇ သည် မိုးမောက်မြို့နယ် လုံ့ဂျွန်းယန်းကျေးရွာရှိ နေအိမ် ၁၁ လုံးကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးကာ ပြည်သူလူထု၏ အစားအသောက်များနှင့် ရိက္ခာများကို ခိုးယူခြင်းအပါအဝင် ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ခဲ့သည်။ ဗန်းမော်တွင် တပ်စွဲထားသည့် တပ်မ ၈၈ မှ အကြမ်းဖက် စစ်သားများသည် လမ်းတလျှောက်ရှိ ကျေးရွာများတွင် လူနေအိမ်များကို မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခြင်းကြောင့် ပြည်သူများ၏ အကျပ်အတည်းများ ပိုမိုကြီးထွားခဲ့သည်။

အောက်တိုဘာ ၉ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်သည် လီဆူးတိုင်းရင်းသားများနှင့် ရာနှင့်ချီသော စစ်ရှောင်ပြည်သူများ နေထိုင်သည့် မုန်လိုင်ခက်ကျေးရွာသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ညအချိန် ရွာသူရွာသားများ အိပ်ပျော်နေချိန်တွင် အကြမ်းဖက်စစ်တပ်သည် ကျေးရွာကို လေကြောင်းတိုက်ခိုက်မှုနှင့်အတူ မြေပြင်မှ လက်နက်ကြီးများ (သို့မဟုတ်) မော်တာကျည်များ အဆက်မပြတ် ပစ်ခတ်ခဲ့သည်။ ဤကဲ့သို့ ကျေးရွာအတွင်း ရက်စက်ကြမ်းကြုတ်သော တိုက်ခိုက်မှုကြောင့် အမျိုးသမီး

၁၀ ဦးနှင့် မိန်းကလေးငယ် ၁၀ ဦးအပါအဝင် အနည်းဆုံး စစ်ဘေးရှောင်ပြည်သူ ၂၉ ဦး သေဆုံးခဲ့ရသည်။ တိုက်ခိုက်မှုမှာ ညဘက်တွင် သတိပေးချက် တစုံတရာ မရှိသည့်အပြင် အနီးအနားတွင်လည်း အတိုက်အခံလက်နက်ကိုင် အဖွဲ့အစည်း များရှိသည်ဟုဆိုသည့် အထောက်အထားတစုံတရာလည်း မရှိကြောင်း သိရသည်။ အကြမ်းဖက်စစ်တပ် လုပ်ရပ်သည် စစ်ရာဇဝတ်မှုကြီးကို ရည်ရွယ်ချက်ရှိရှိ မဆင်မခြင် ကျူးလွန်လိုက်ခြင်း ဖြစ်သည်ကို အထောက်အထားများက ထင်ရှားစွာ ပြသနေသည်။

ထိုနှစ်ထဲတွင် လူပေါင်း ၈၉ ဦး ဒဏ်ရာရရှိခဲ့ပြီး ၄၃ ဦး အသက်ဆုံးရှုံးခဲ့သည်။ အင်တာနက်လိုင်း အခက်အခဲ များသည် WLB အဖွဲ့ဝင်အဖွဲ့အစည်းများ၏ အရေးကြီးသော အချက်အလက် အချို့ စုဆောင်းနိုင်မှုကို အကန့်အသတ်ဖြစ်စေခဲ့သည်။

ကချင်ပြည်နယ်

ကချင်ပြည်နယ် ခရိုင်အသီးသီးတွင် အကြမ်းဖက်စစ်တပ်နှင့် တိုင်ရင်းသားလက်နက်ကိုင် အင်အားစုများကြား ပြင်းထန်သော ပဋိပက္ခ ဖြစ်ပွားလျှက်ရှိသည်။ အထူးသဖြင့် တပ်မဟာ (၁) ဒူးသထူး (သထုံ) ခရိုင်၊ တပ်မဟာ (၃) ခလယ်လွှီထူ (ညောင်လေးပင်) ခရိုင်၊ တပ်မဟာ (၅) မူတြော် (ဖာပွန်) ခရိုင်၊ တပ်မဟာ (၆) ဒူးပလာယာ ခရိုင်နှင့် မူတာ (ဖာပွန်) ခရိုင်၊ တပ်မဟာ (၂) တောဦး (တောင်ငူ) ခရိုင်နှင့် မြိတ်ထားဝယ် ခရိုင်တို့တွင် ပဋိပက္ခများ ပြင်းထန်လျှက်ရှိသည်။

အကြမ်းဖက်စစ်တပ်သည် ကျေးရွာများကို ပစ်မှတ်ထားကာ လက်နက်ကြီးများ၊ ရဟတ်ယာဉ်များဖြင့် စာနာမှုကင်းမဲ့စွာ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုကဲ့သို့ ရက်စက်ကြမ်းကြုတ်စွာ တဟုန်ထိုးတိုက်ခိုက်မှုများနှင့်အတူ အကြမ်းဖက်စစ်တပ်သည် ကျေးရွာများအတွင်း ကြောက်မက်ဖွယ် ကျူးကျော်ဝင်ရောက်ကာ အိမ်များကို စနစ်တကျ မီးရှို့ဖျက်ဆီးခြင်း၊ လမ်းသွားလမ်းလာများကို စောင့်ကြည့်ခြင်း၊ ခြုံခိုတိုက်ခိုက်ခြင်း၊ ဒေသခံများကို ခြိမ်းခြောက်ခြင်းနှင့် မတရားဖမ်းဆီးခြင်းတို့ကို ကျူးလွန်ခဲ့သည်။ အောက်တိုဘာနှင့် နိုဝင်ဘာလအတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများအတွင်း အမျိုးသား ၄၃ ဦးနှင့် အမျိုးသမီး ၁၆ ဦး အသက်ဆုံးရှုံးခဲ့ပြီး အမျိုးသား ၅၁ ဦးနှင့်အမျိုးသမီး ၂၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့ အပြင် နောက်ထပ် ၂၁ ဦးလည်း မတရား ဖမ်းဆီးခံခဲ့ရသည်။

ဒီဇင်ဘာလတွင်လည်း ကချင်ပြည်နယ်ရှိ ဒေသအများအပြားတွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားခဲ့သည်။ ဒေသခံပြည်သူများသည် လေကြောင်းမှဗုံးကြဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီး ပစ်ခတ်ခြင်း၊ အဆက်မပြတ် မီးရှို့ခြင်းဖြင့် ကျေးရွာများနှင့် လူနေအိမ်များ ဖျက်ဆီးခြင်းတို့ကို ဆက်လက်ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ဤကာလအတွင်း အမျိုးသား ၇ ဦးနှင့် အမျိုးသမီး ၂ ဦး ဒဏ်ရာရခဲ့ပြီး အမျိုးသား ၄ ဦး သေဆုံးခဲ့သည်။

ကချင်နီ/ကယားပြည်နယ်

နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကချင်နီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ကချင်နီ/ကယားပြည်နယ်၏ မြို့တော်လွိုင်ကော်ကို သိမ်းပိုက်ရန် ရည်ရွယ်ချက်ဖြင့် ၁၁၁၁ စစ်ဆင်ရေးကို စတင်ခဲ့သည်။ စစ်ဘေးရှောင်များအပါအဝင် လူပေါင်း ၃၅,၀၀၀ ကျော်သည် တိုက်ပွဲများကြောင့် မြို့မှ ထွက်ပြေးခဲ့ရသည်။ အကြမ်းဖက်စစ်တပ်၏ လက်တုံ့ပြန်တိုက်ခိုက်မှုများကြောင့် နိုဝင်ဘာ ၁၅ ရက်နေ့အထိ လွိုင်ကော်မြို့ရှိ အရပ်သား ၃၄ ဦး သေဆုံးခဲ့ပြီး ၅၀ ဒဏ်ရာရခဲ့သည်။

နိုဝင်ဘာလကုန်တွင် ကရင်နီလက်နက်ကိုင် အင်အားစုများသည် ကရင်နီ/ကယားပြည်နယ်၏ ၈၀ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်ခဲ့သည်။ လက်တုံ့ပြန်သည့်အနေဖြင့် အကြမ်းဖက်စစ်တပ်သည် မြို့ကို လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ခရစ်စ္စမတ်နေ့တွင် အကြမ်းဖက် စစ်တပ်သည် လွိုင်ကော်မြို့ ပေါ်သို့ လေကြောင်းတိုက်ခိုက်မှု ၃၄ ကြိမ် ပြုလုပ်ခဲ့ပြီး ပေါင် ၅၀၀ ဗုံးများ ပစ်ချခဲ့သည်။ နှစ်သစ်ကူးနေ့တွင် အကြမ်းဖက်စစ်တပ်သည် ၁၀၀၊ ၁၂၀ မမနှင့် ၁၂၂ မမ မော်တာကျည်များကို မြို့တွင်းသို့ အဆက်မပြတ် ပစ်လွှတ်ခဲ့သည်။ အင်တာနက်လိုင်း သိသိသာသာ ပြတ်တောက်မှုများကြောင့် တိုက်ခိုက်မှုများ၏ သက်ရောက်မှုအပြည့်အစုံကို မသိရသေးပေ။

ဒီဇင်ဘာလတွင် အကြမ်းဖက်စစ်တပ်သည် ရှမ်းပြည်တောင်ပိုင်းရှိ လွိုင်လင်၊ မော့်ဘီ၊ ဆောင်းပြောင်း၊ ပင်လောင်းတို့တွင် စစ်တပ်ဂိတ်များ ချထားကာ ကရင်နီပြည်နယ်ရှိ လမ်းများအားလုံးကို ထပ်မံပိတ်ဆို့ခဲ့သည်။ စားနပ်ရိက္ခာနှင့် ဆေးဝါးများ အရေးပေါ်လိုအပ်နေသော စစ်ဘေးရှောင်ပြည်သူများနှင့် ဒေသခံများဆီသို့ အစားအသောက်နှင့် အရေးကြီးလိုအပ်သော ပစ္စည်းများမရောက်ရှိနိုင်ခဲ့ပေ။ ဒီဇင်ဘာလအတွင်းပင် အကြမ်းဖက်စစ်တပ်၏ တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ လယ်ယာများသို့ သွားနေသည့် အရပ်သားများကို ပစ်မှတ်ထားခဲ့သည်။ အကြမ်းဖက်စစ်သားများသည် လွိုင်ကော်မြို့နယ်ရှိ လောပိတ ကျေးရွာအုပ်စုမှ အမျိုးသမီး ၂ ဦးကို သတ်ပစ်ခဲ့ပြီး ၆ ဦး ဒဏ်ရာရရှိခဲ့သည်။

လွိုင်ကော်တွင် ကျန်ရှိနေသေးသည့် ရဲတပ်ဖွဲ့ဝင်များအပါအဝင် အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များသည် ကရင်နီတပ်များ၏ တိုက်ခိုက်မှုကို ဟန့်တားရန်အတွက် အကျဉ်းသားများကို လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။ ကရင်နီ နိုင်ငံရေးအကျဉ်းသားများ အစည်းအရုံး (KPPA) ၏ အဆိုအရ လွိုင်ကော်ရှိ အကျဉ်းထောင် တွင် ကျဉ်းကျနေသည့် အကျဉ်းသား ၅၀၀ ကျော်သည် အစားအသောက်နှင့် ဆေးဝါးများ လိုအပ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး

ရွှေမန်းသူဟု အမည်ရသည့် အသက် ၂၀ အရွယ် ကိုယ်ဝန်ဆောင်အမျိုးသမီး တစ်ဦးသည် ဩဂုတ် လ ၂၆ ရက်နေ့ ဝက်လက်မြို့နယ်တွင် အသတ်မခံရမီ အကြိမ်ကြိမ် မုဒိမ်းကျင့်ခံခဲ့ရသည်။ ထိုအမျိုးသမီးသည် ကျီးကန်းကျေးရွာအနီးတွင် အကြမ်းဖက်စစ်တပ်စစ်သားများမှ ၎င်း၏ မိခင်၊ ဖခင်နှင့် ယောင်းမနှင့်အတူ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသည်။ စစ်သားများသည် ရွှေမန်းသူကို ၎င်းဖခင်ရှေ့တွင်ပင် အုပ်စုဖွဲ့မုဒိမ်းကျင့်ခဲ့ပြီး ၎င်းတို့နှစ်ဦးစလုံးကို သရက်တောသို့ ခေါ်ဆောင်သွားပြီးနောက် ထိုနေရာတွင် မိခင်နှင့် ခယ်မနှင့်အတူ သေဆုံးလျက်သား တွေ့ရှိခဲ့သည်။ ရွှေမန်းသူကို ဓားဒဏ်ရာများနှင့် ပွန်းပဲ့ဒဏ်ရာအများအပြားနှင့်အတူ ၎င်း၏ မိန်းမကိုယ်ထဲတွင် ပုလင်းထိုးထည့်လျက်သား အနေအထားဖြင့် တွေ့ရှိခဲ့သည်။

အကြမ်းဖက်စစ်တပ် စစ်ကြောင်းများသည် ကျေးရွာများ အထူးသဖြင့် တမူးခရိုင်ရှိ ကနီ၊ ရွှေဘို၊ ပုလဲ၊ ဒီပဲယင်း၊ ထီးချိုင့်နှင့် ဆားလင်းကြီးမြို့နယ်များရှိ ကျေးရွာများကို ဆက်လက်ဖျက်ဆီးလျှက်ရှိသည်။ လူနေအိမ်များကို ဖျက်ဆီးခြင်း၊ ဒေသခံများကို မတရားဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ တင်းကြပ်စွာ စစ်ဆေးခြင်း၊ လေကြောင်းတိုက်ခိုက်မှုများအပြင် အဆက်မပြတ် ပစ်ခတ်ခြင်းတို့ကို ပြုလုပ်လျှက်ရှိသည်။ ထိုအခြေအနေများအကြားတွင်ပင်လျှင် တရားမဝင် မူးယစ်ဆေးဝါးကုန်သွယ်မှု တိုးမြှင့်လာမှုနှင့်အတူ လုယက်မှုများလည်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာသည်။ တမူးခရိုင် အကြမ်းဖက်စစ်တပ်၏ ထိန်းချုပ်မှု အောက်ရှိပျူစောထီးများသည် အိမ်ထောင်စုများထံမှ ငွေကြေးများ စနစ်တကျ ကောက်ခံခြင်း

ဖြင့် နယ်စပ် ဖြတ်ကျော်မှုကို ကန့်သတ်ခံရသည့် ဒေသခံများအကြား အကြောက်တရားများကို ထည့်သွင်းလျှက် ရှိသည်။ အကြမ်းဖက်စစ်တပ်မှ ကျူးလွန်နေသော စစ်ရာဇဝတ်မှုများအပြင် အိန္ဒိယနယ်စပ် တစ်လျှောက် တမူး/မိုးရေး နိုင်ငံရေးမတည်ငြိမ်မှုသည် တိုင်းရင်းသားပဋိပက္ခကို ပိုမိုတိုးစေသည်။

ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်၏ အဆိုအရ နိုဝင်ဘာ ၈ ရက်မှ ၁၃ ရက်အတွင်း ထီးချိုင့်မြို့နယ်တွင် အကြမ်းဖက်စစ်တပ်မှ ၅ ရက်ကြာ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းကြောင့် အရပ်သား ၁၀၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီး ထိုထဲတွင် အများစုမှာ အမျိုးသမီးများနှင့် မွေးကင်းစ ကလေးငယ်များဖြစ်ကြသည်။ လူပေါင်း ၃၃,၀၀၀ ကျော် ထွက်ပြေးခဲ့ရပြီး ဆားလင်းကြီး မြို့နယ်အတွင်း ထွက်ပြေးခိုလှုံသူ ၂,၇၄၀ ဦး ရှိသည်။ ဒီပဲယင်းမြို့နယ်၊ ပျော်ဘွယ်ကျေးရွာတွင် စစ်ပွဲကြောင့်ပြောင်းရွှေ့လာသူ ၃၁၀ ဦးရှိပြီး ပုလဲမြို့နယ် တွင် စစ်ပွဲကြောင့် ထွက်ပြေးလာသူ နောက်ထပ် လူပေါင်း ၃,၀၀၀ ရှိသည်။ ထိုစစ်ဘေးရှောင်များသည် မိုးရေးမြို့သို့ ပြန်လည်ဝင်ရောက်ရန် ခက်ခဲနေကြပြီး အခြေခံလိုအပ်ချက်များနှင့် အလုပ်အကိုင်ရှားပါးမှုများ ရင်ဆိုင်နေရသည့်အပြင် အမျိုးသမီးများသည်လည်း လစဉ်သုံးပစ္စည်းများနှင့် အရေးကြီးသော ဆေးဝါးများ ရှားပါးမှုနှင့် ကြုံတွေ့နေကြရသည်။

ဇူလိုင် ၆ ရက်နေ့တွင် ဝက်လက်မြို့နယ် သမရိုးရွာအနီးတွင် အကြမ်းဖက်စစ်တပ် စစ်ကြောင်းသည် အနီးကျေးရွာရှိဈေးတွင် ကုန်ပစ္စည်းရောင်းချရန်လာသော အမျိုးသမီး ၆ ဦး တင်ဆောင်လာသည့် ကုန်တင် ကားတစ်စီးကို ပစ်ခတ်ခဲ့သည်။ အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များက လာရောက်ကူညီသူတိုင်းကို သေနတ်ဖြင့် ဆက်လက်ပစ်ခတ်နေသဖြင့် ဒေသခံ ကျေးရွာသူရွာသားများသည် ကားတွင် လိုက်ပါစီးနင်းလာ သူများကို ကယ်ထုတ်ရန် အချိန် တစ်နာရီခွဲခန့် စောင့်ဆိုင်းခဲ့ရသည်။ အမျိုးသမီးများနှင့် ကားမောင်း သမားသည် ခန္ဓာကိုယ်အနှံ့ ပစ်ခတ်ခံခဲ့ရသည်။ ကားမောင်းသမားနှင့် အမျိုးသမီး ၃ ဦးမှာ နေရာတွင် ချက်ချင်းသေဆုံးခဲ့ပြီး အမျိုးသမီးများထဲမှ အနည်းဆုံး ၁ ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိခဲ့သည်။

ကုန်ပစ္စည်းပို့ဆောင်ရန်၊ လယ်ယာမြေ ထွက်ကုန်များကို ရိတ်သိမ်းရန်နှင့် ရောင်းချရန် ဒေသခံများ အဓိက မှီခိုအားထားရသည့် မြောက်ပိုင်းအဝေးပြေးလမ်းမကြီးမှာ ပိတ်ခံထားရသည်။ လမ်းများပိတ်ထားသော်လည်း ခရီးသွားများသည် ကားများနှင့် ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာခွင့်အတွက် အကြမ်းဖက် စစ်တပ် တပ်ဖွဲ့ဝင်များအား ကျပ်ငွေ ၅၀,၀၀၀ ပေးဆောင် ကြရသည်။

ရှမ်းပြည်နယ်

ညီနောင်မဟာမိတ်အဖွဲ့၏ စစ်ဆင်ရေးများကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပြည်သူများသည် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် နေရာအနှံ့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ ပဋိပက္ခပြင်းထန်မှုများသည် ရှမ်း-ကရင်နီ/ ကယားနယ်စပ်အထိ တိုးချဲ့လာပြီး ဒေသခံပြည်သူများ ထွက်ပြေးခိုလှုံရမှုများကို အကြီးအကျယ် ဖြစ်စေခဲ့သည်။

ကျောက်မဲနှင့် ကွတ်ခိုင်မြို့နယ်တွင် ၄၅၀ ဦး၊ တာမိုးညဲမြို့နယ်တွင် နောက်ထပ် ၃၃၀ ဦးအပါအဝင် လူပေါင်း ၅,၆၂၆ ကျော်သည် လားရှိုးမြို့ရှိ နေရာ ၉ နေရာတွင် ခိုလှုံခဲ့ကြရသည်။ ရှမ်း-ကရင်နီ/ ကယားနယ်စပ် တစ်လျှောက်တွင် စစ်ဘေးရှောင်သူ ဦးရေမှာ တဖြေးဖြေး မြင့်တက်လာသည်။

စစ်ဘေးရှောင် စခန်း ၅၀၀ ကျော်ရှိသော ဗန်းမောက်ကျေးရွာတွင် နောက်ထပ် ၁၀၀ ကျော် တိုးမြင့်ခဲ့ပြီ ပင်လောင်း မြို့နယ်မှ စစ်ပြေးရှောင်လာသူ ၄၀၀ ရှိသည်။ ပင်လောင်းမြို့ တောင်ဘက်ပိုင်းရှိ ကျေးရွာပေါင်း ၃၀ ကျော်မှ ကရင်နီ စစ်ပြေးဒုက္ခသည် ၂၀,၀၀၀ ကျော်သည် ရှမ်းပြည်မြောက်ပိုင်းတွင် ခိုလှုံနေကြရသည်။ သိန္နီမြို့နယ်နှင့် လားရှိုးမြို့နယ်မှ ဘေးလွတ်ရာ ရွှေ့ပြောင်းလာသူ ၁,၉၅၀ ဦးသည် စစ်ဘေးရှောင်စခန်း ၉ ခုတွင် ဖြန့်ကျက် ခိုလှုံလျှက်ရှိသည်။ ဆောင်းရာသီစတင်ခြင်းနှင့်အတူ စစ်ဘေးရှောင်ပြည်သူများ ပိုမိုတိုးပွား လာခြင်းကြောင့် အခြေခံစားသောက်ကုန်များ၊ လုံခြုံနွေးထွေးသော အဝတ်အစားများ အရေးပေါ် လိုအပ် လျှက်ရှိသည်။

အကြမ်းဖက်စစ်တပ်သည် ၁၀၂၇ စစ်ဆင်ရေးကို ပြင်းထန်စွာ တုံ့ပြန်ခဲ့ပြီး အရပ်သားများ နေထိုင်ရာ လူနေရပ်ကွက်များ၊ အပြစ်မဲ့ အရပ်သားများရှိသည့် အများပြည်သူဆိုင်ရာ အဆောက်အဦးများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခကြောင့် ရှမ်းပြည်နယ်တွင် ၁၅ ဦး သေဆုံးကာ ၄၄ ဦး ထိခိုက်ဒဏ်ရာ ရခဲ့ပြီး ၄ ဦး မတရားဖမ်းဆီးခံခဲ့ရသည်။ ဒီဇင်ဘာလတွင် အမျိုးသမီး ၂၇ ဦးနှင့် အမျိုးသား ၇ ဦး အပါအဝင် ၄၆ ဦး မတရားဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ အမျိုးသမီး ၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ၅၁ ဦး အသက်ဆုံးရှုံးခဲ့သည်။

ဇူလိုင်လ ၃၀ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်သည် အုပ်စုလိုက် မုဒိမ်းကျင့်မှုဖြစ်စဉ် ၂ ခုကို သီးခြားဆီကျူးလွန်ခဲ့သည်။ ကွတ်ခိုင်မြို့နယ် စွမ်လုံကျေးရွာမှ အမျိုးသမီး ၂ ဦးသည် ၎င်းတို့ ကျေးရွာအနီး စခန်းချနေသော ခမရ ၅၆၉ မှ အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များ၏ သီးခြားစီအုပ်စုဖွဲ့ မုဒိမ်းကျင့်မှုကို ခံခဲ့ရသည်။ WLB အဖွဲ့ဝင်ဖြစ်သည့် ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ(KWAT) ၏ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် အောက်ပါအတိုင်း ဖော်ပြထားသည်။ –

“ည ၁၀ နာရီမှာ စစ်သား ၄ ယောက် ရွာထဲဝင်လာပြီး နှစ်ယောက်စီ အဖွဲ့ခွဲလိုက်တယ်။ စစ်သား ၂ ဦးက လူငယ်စုံတွဲတစ်တွဲအိမ်ထဲဝင်ပြီး ခင်ပွန်းဖြစ်သူကို လက်ထိပ်ခတ်ပြီး သေနတ်နဲ့ ချိန်ထားတယ်။ ပြီးတော့ သူ့ရဲ့ ကိုယ်ဝန်ဆောင်ဇနီးကို အုပ်စုလိုက် မုဒိမ်းကျင့်ခဲ့တယ်။ အခြား စစ်သား ၂ ယောက်က တခြားအိမ်ကို သွားပြီး ခင်ပွန်းနဲ့ ကလေး ၂ ဦးကို အိမ်က ထွက်သွားဖို့ အမိန့်ပေးပြီး သူ့ဇနီးကို အုပ်စုဖွဲ့ မုဒိမ်းကျင့်ခဲ့တယ်။”

အကြမ်းဖက်စစ်တပ်သည် တိုင်းရင်းသူအမျိုးသမီးများအပေါ် ရက်စက်စွာ မုဒိမ်းကျင့်မှုများကို ကာလရှည်ကြာစွာ ပြစ်ဒဏ်မဲ့ ကျူးလွန်ခဲ့မှုများကို KWAT မှ မှတ်တမ်းတင်ခဲ့သည်။ KWAT ၏ အစီရင်ခံစာအရ အဆိုပါ မုဒိမ်းမှုများသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၂၂ ခုနှစ် ဧပြီလအတွင်း မှတ်တမ်းတင်ထားသော အကြမ်းဖက်စစ်တပ်၏ တပ်ဖွဲ့ဝင်များမှကျူးလွန်သော အခြားသောလိင်အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သောနေရာ တရုတ်နိုင်ငံ၏ BRI ၏ အရေးကြီးဆုံးသော စီမံကိန်းတစ်ခု ဖြစ်သည့် မူဆယ် – မန္တလေး အမြန်ရထားလမ်းနှင့် အလွန်နီးကပ်သောနေရာတွင်ပင် ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး

ဩဂုတ်လမှ စ၍ အကြမ်းဖက်စစ်တပ်သည် တနင်္သာရီအတွင်း တိုက်ခိုက်မှုကြောင့် လူပေါင်း ၃၅,၀၀၀ ကျော် အိုးအိမ်မဲ့ ဖြစ်ခဲ့ရသည်။ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ အချို့ မြို့နယ်များနှင့် ခရိုင်များတွင် အဝင်အထွက် ဂိတ်များတွင် တင်းကြပ်သည့် စစ်ဆေးမှုများ ပြုလုပ်နေသည့်အပြင် ကျေးရွာ စစ်ဆေးရေးဂိတ်များကိုလည်း ချထားလျှက်ရှိသည်။ ဆိုင်ကယ်စီးသူများအပါအဝင် အခြားမြို့နယ်များ (သို့မဟုတ်) အခြားနယ်များမှ ရောက်ရှိလာသော ခရီးသည်များကို မှတ်ပုံတင်စစ်ဆေးခြင်း၊ ယာဉ်မောင်း လိုင်စင်များနှင့် အခြားစာရွက်စာတမ်း စစ်ဆေးမှုများကိုပါ ပြုလုပ်လျှက်ရှိသည်။ ကုန်တင်ကားများ သည်လည်း ယခင်လများနှင့် နှိုင်းယှဉ်ပါက ပိုမိုစစ်ဆေးခံကြရသည်။

ထို့ပြင် WLB အဖွဲ့ဝင်သည် အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင်များ၏ စစ်ရှောင်စခန်းအတွင်းသို့ ဝင်ရောက် ကာ ပြည်သူပိုင် အဖိုးတန်ပစ္စည်းများကို သိမ်းဆည်းသည့် ဖြစ်ရပ်များကိုလည်း အစီရင်ခံတင်ပြထား သည်။ လောင်းလုံမြို့နယ်တွင် နိုဝင်ဘာ ၂ ရက်နေ့မှ ၉ ရက်နေ့အတွင်း အကြမ်းဖက်စစ်တပ် တပ်ဖွဲ့ဝင် များသည် လက်နက်ကြီးများပစ်ကာ လူနေအိမ်များကို မီးရှို့ခဲ့ပြီး ကျေးရွာသား ၂ ဦးကို လူသားဒိုင်းအဖြစ် ဖမ်းဆီး ခေါ်ဆောင်ခဲ့သည်။ တိုက်ပွဲများမဖြစ်ခင် ၎င်းတို့သည် ရွာသား ၉ ဦးကို ဖမ်းဆီးကာ ညှဉ်းပမ်း နှိပ်စက်ခဲ့ပြီး ရွာသားတစ်ဦးကို သတ်ပစ်ခဲ့သည်။ နိုဝင်ဘာ ၂ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်သည် လောင်းလုံမြို့နယ်မှ ၁၆ နှစ်အရွယ် မိန်းကလေးတစ်ဦး အပါအဝင် မိသားစု ၃ ဦးကို ဖမ်းဆီးခဲ့သည်။ မိခင် ဖြစ်သူမှာ ပြန်လည် လွတ်မြောက်လာသော်လည်း ထိုမိန်းကလေးငယ်ကို ယခုချိန်အထိ တရားမဝင် ဖမ်းဆီးထိန်းသိမ်းထားဆဲ ဖြစ်သည်။

WLB နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများ၏ သိသာထင်ရှားသည့် လုပ်ဆောင်ချက်များ

WLB လှုပ်ရှားမှုများ

Manel ပြပွဲ

WLB သည် Salween Institute for Public Policy (SI)၊ SEA– Junction တို့နှင့် ပူးပေါင်းကာ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ဘန်ကောက်မြို့ ရှိ Bangkok Art and Culture Center (BACC) တွင် "အရှေ့တောင်အာရှ ဒီမိုကရက်တစ် ကိုယ်စားပြုမှုနှင့် ကျား–မရေးရာ ထည့်သွင်းစဉ်းစားခြင်း" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲနှင့် Manel ခတ်ပုံပြပွဲကို ကျင်းပခဲ့သည်။

အဖွဲ့ဝင်အဖွဲ့အစည်းများအား ၁၆ ရက်တာလှုပ်ရှားမှုအတွက် ထောက်ပံ့ငွေများ ပံ့ပိုးခြင်း

WLB သည် အားလုံးပူးပေါင်းပါဝင်သည့် ၁၆ ရက်တာ လှုပ်ရှားမှု ကာလအတွင်း အဖွဲ့ဝင် ၈ ဖွဲ့ကို ပံ့ပိုး ကူညီမှု ပြုလုပ်ခဲ့သည်။ လှုပ်ရှားဆောင်ရွက်မှုများကို မဲဆောက်၊ ရှမ်းပြည်အရှေ့ပိုင်းနှင့် ရှမ်းပြည် တောင်ပိုင်းဒေသ များအပါအဝင် မတူညီသည့် ဒေသအသီးသီးတွင် ပြုလုပ်ခဲ့သည်။ အဆိုပါ လှုပ်ရှားမှုများ ကို ရှမ်းပြည် မြောက်ပိုင်း၊ ကရင်နီပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် အောက်ပိုင်း ဒေသများ၊ တနင်္သာရီ တိုင်းဒေသကြီးတွင်လည်း လုပ်ဆောင်ခဲ့သည်။

စစ်ဘေးရှောင်များကို ကူညီပံ့ပိုးခြင်း

WLB သည် အကြမ်းဖက်စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ကျေးရွာများ ပျက်စီးသွားပြီး ပြောင်းရွှေ့ခိုလှုံနေရသည့် အရပ်သားပြည်သူများရှိသည့် နေရာများသို့ စားနပ်ရိက္ခာနှင့် အရေးပေါ် ဆေးဝါးများ ပို့ဆောင်ပေးခြင်းဖြင့် အရေးကြီးသည့် အကူအညီများကို စီမံလုပ်ဆောင်လျှက်ရှိသည်။ ထိရောက်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းမှုတစ်ခုအဖြစ် ရှမ်းပြည်တောင်ပိုင်း နှင့် ရှမ်းပြည်အရှေ့ပိုင်းတို့တွင် အစားအသောက်များ၊ အနွေးထည်နှင့် စောင်များအပါအဝင် မရှိမဖြစ် လိုအပ်သော အကူအညီများ ရောက်ရှိခဲ့သည်။

နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေး

အောက်တိုဘာလအတွင်းတွင် WLB သည် နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေး ခရီးစဉ်တစ်ခုကို သွားရောက် ခဲ့ပြီး မြန်မာနိုင်ငံအတွင်း အကြမ်းဖက်စစ်တပ်၏ လက်နက်ကြီးပစ်ခတ်ခြင်း၊ လေကြောင်းမှတဆင့် အရပ်သားပြည်သူများကို တိုက်ခိုက်ခြင်းတို့ကြောင့် နိုင်ငံတဝှမ်း စစ်ဘေးရှောင် အရေအတွက် စိုးရိမ်ဖွယ် မြင့်တက်လာသော အခြေအနေများအပါဝင် အကြမ်းဖက်စစ်တပ်မှ ဆက်လက်ကျူးလွန်နေသည့် ရက်စက် ကြမ်းကြုတ်မှုများနှင့် လက်ရှိ မြန်မာနိုင်ငံတွင် ရင်ဆိုင်နေရသော လူသားချင်းစာနာထောက် ထားမှုဆိုင်ရာ အကျပ်အတည်းများနှင့်ပတ်သက်၍ အသိပညာပေး လှုံ့ဆော်မှုများကို ပြုလုပ်ခဲ့သည်။

ခရီးစဉ်အတွင်းတွင် WLB သည် ဒေသခံ CSO များ၏ ကျွမ်းကျင်မှုနှင့် အသံများကိုနားထောင်ရန်၊

လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဖြန့်ဝေရာတွင် အကြမ်းဖက်စစ်တပ်နှင့် ၎င်းတို့၏ အပေါင်း အပါများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရပ်တန့်ကာ ထိုအစား NUG နှင့် ဒေသခံ CSO အဖွဲ့ အစည်းများ အပါအဝင် ဒေသခံ အဖွဲ့အစည်းများနှင့်သာ ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းအား တိုက်တွန်းတောင်းဆိုခဲ့သည်။

WLB သည် ဒေသခံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာအသိုင်း အဝိုင်းသည် စစ်ဘက်ဆိုင်ရာ လမ်းကြောင်းပြင်ပသို့ အကူအညီများ ဖြန့်ဝေရန် ရှိပြီးသား ကွန်ရက်များမှတဆင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပေးပို့နိုင်ရန် ဆန်းသစ်သည့် အခြားနည်းလမ်း များကို ရှာဖွေနိုင်မည်ဖြစ်ပြီး ထိုသို့ လုပ်ဆောင်ရာတွင် စီမံအုပ်ချုပ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အသုံးပြုရ လွယ်ကူမှုရှိရန်နှင့် လိုက်လျောညီထွေမှုရှိရန်လည်း ပြန်လည်ပြင်ဆင်ရန်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်းအား တိုက်တွန်းခဲ့သည်။ ထို့ပြင် WLB သည် လူသားချင်းစာနာထောက်ထားမှု ရန်ပုံငွေ ကိုလည်း အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသည့် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး ဆိုင်ရာ ကဲ့သို့သော စိန်ခေါ်မှု များအတွက် ဦးစားပေး ပံ့ပိုးပေးရန် စည်းရုံးလှုံ့ဆော်ခဲ့သည်။

အဖွဲ့ဝင်အဖွဲ့အစည်းများ၏ သိသာထင်ရှားသော လှုပ်ရှားမှုများ

မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU)

BWU သည် ဖယ်ကြဉ်ခံရသည့် လူနည်းစုများနှင့် အမျိုးသမီးများ၏ အခြေအနေများနှင့် ပတ်သက်၍ ဖိုးမင်းနစ်စ်ရှုထောင့်မှ သတင်းဆောင်းပါးများကို ထုတ်လုပ်ရေးသားခဲ့ပြီး အမျိုးသမီးခေါင်းဆောင်များကို ပံ့ပိုးရန် အမျိုးသမီးဦးဆောင်မှု သင်တန်းများကို ဦးစီးလုပ်ဆောင်ခဲ့သည့်အပြင် ကရင်နီပြည်နယ်အတွင်း အရေးပေါ်ကူညီရေး အထောက်အပံ့များ၊ စစ်ဘေးရှောင် အမျိုးသမီးများအတွက် တကိုယ်ရေသန့်ရှင်းရေး ပစ္စည်းကိရိယာများကို ပံ့ပိုးပေးခဲ့သည်။

BWU သည် ၁၆ ရက်တာလှုပ်ရှားမှုကမ်ပိန်း အစိတ်အပိုင်းအဖြစ် “ဂျန်ဒါအခြေပြုအကြမ်းဖက်မှုများ ချက်ချင်းရပ်၊ ပြစ်ဒဏ်ကင်းလွတ်မှုများ အဆုံးသတ်” အွန်လိုင်းဖိုရမ်တစ်ခု ပြုလုပ်ခြင်းအပြင် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် စကားဝိုင်းဆွေးနွေးမှုတစ်ခု ကျင်းပခဲ့ပြီး မဟာမိတ်ကွန်ရက် လှုပ်ရှားမှုများတွင် လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။

ကရင်နီအမျိုးသမီးများအစည်းအရုံး (KNWO)

KNWO သည် စစ်ပွဲများကြောင့်ထွက်ပြေးခိုလှုံလာသော ပြည်သူများ လိုအပ်နေသည့် အရေးပေါ် ဆန်များ ဖြန့်ဝေပေးခြင်း၊ စစ်ဘေးရှောင်ပြည်သူများစာရင်းကို ကောက်ယူခြင်းနှင့် အရေးပေါ် ကူညီကယ်ဆယ်ရေး (အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် မရှိမဖြစ် လိုအပ်သော ပစ္စည်း များ) အကူအညီများ ပေးအပ်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ KNWO သည် ကရင်နီဒုက္ခသည်စခန်း အမှတ် ၁ တွင် ၁၆ ရက်တာလှုပ်ရှားမှုကမ်ပိန်းကို ကျင်းပခဲ့ပြီး အမျိုးသမီး ၃၃၇ ဦးနှင့် အမျိုးသား ၁၁၃ ဦး အပါအဝင် တက်ရောက်သူ ၄၅၀ ဦးရှိခဲ့သည်။ အသိပညာပေးရေးအခမ်းအနားတွင် ရပ်ကွက်အုပ်ချုပ် ရေးမှူးများ၊ ကျေးရွာသူကြီးများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ဒုက္ခသည်စခန်းမှ (အမှတ် ၁ မှ ၂၀) ကိုယ်စားလှယ်များ၊ ကရင်နီအမျိုးသားပညာရေးမှ ကောလိပ်ကျောင်းသူကျောင်းသားများလည်း KNWO နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ (KWAT)

KWAT သည် စစ်ဘေးရှောင်များနှင့် ရှင်သန်လွတ်မြောက်သူများကို အရေးပေါ်ကူညီကယ်ဆယ်ရေး အကူအညီများ ပံ့ပိုးပေးခြင်း၊ အွန်လိုင်းသင်တန်းများ ပြုလုပ်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အချက်အလက်များ ကောက်ယူစုဆောင်းခြင်း၊ ဆေးဝါးကုသမှုပေးခြင်း၊ စစ်ဘေးရှောင် အမျိုးသမီးများ အတွက် ဝင်ငွေဖန်တီးပေးသည့် သင်တန်းများ ပို့ချခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ KWAT သည်လည်း ဗန်းမော်ခရိုင် ဆိုင်ဂျာ စစ်ရှောင်စခန်းနှင့် ညောင်နှစ်ပင် စစ်ရှောင်စခန်း မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ တို့တွင် ၁၆ ရက်တာ လှုပ်ရှားမှု ဆွေးနွေးပွဲစကားဝိုင်းတစ်ခုကို ကျင်းပခဲ့ရာ စုစုပေါင်း လူဦးရေ ၃၃၅ ဦး တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် ပါဝင်သူများသည် အကြမ်းဖက်မှုရပ်တန့်ရေးနေ့ သမိုင်းကြောင်း၊ ရှင်သန်လွတ်မြောက်သူများအတွက် တရားမျှတမှုရရှိရေး၊ ရှင်သန်လွတ်မြောက်သူများ အတွက် အကာအကွယ်ပေးရေး အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။ အခမ်းအနားတွင် KWAT သည် ဖဲကြိုးဖြူများ ဖြန့်ဝေခဲ့ သည်။

ကူကီးအမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေးအစည်းအရုံး (KWHRO)

KWHRO သည် ရှွေတူးဖော်ခြင်းနှင့် ပတ်သက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်း တင်ခြင်း နှင့် ဟုမ္မလင်းမြို့နယ်ရှိ အချို့ကျေးရွာများတွင် အမျိုးသမီးနှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်း အပြင် အလုပ်သင် အစီအစဉ်ကို လုပ်ဆောင်ခဲ့သည်။ KWHRO သည်လည်း ခမ်းပါတ်မြို့ လွတ်မြောက် နယ်မြေ နေရာတွင် ၁၆ ရက်တာလှုပ်ရှားမှုကမ်ပိန်းကို ပြုလုပ်ကျင်းပခဲ့သည်။ ထိုသို့လုပ်ဆောင်ရာတွင် ခမ်းပါတ်မြို့အတွင်းရှိ လူထူထပ်သည့် နေရာများဖြစ်သော ဈေးများ၊ လက်ဖက်ရည် ဆိုင်များတွင် ရွေးချယ်လုပ်ဆောင်ခဲ့သည်။ KWHRO သည် ဈေးနှင့် လက်ဖက်ရည်ဆိုင်များသို့ လာရောက်သောသူများ (အထူးသဖြင့် အမျိုးသားများကို) ဖဲကြိုးဖြူများပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းအပါအဝင် ဖဲကြိုးဖြူ၏ အဓိပ္ပာယ်ကို ရှင်းပြခြင်း များ ပြုလုပ်ခဲ့သည်။ KWHRO သည် ခမ်းပက်၊ Kanan၊ Witote နှင့် Bokekan ရှိ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင်များကိုလည်း ဖဲကြိုးဖြူများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ KWHRO သည် အကြမ်းဖက်မှုခံရသော အမျိုးသမီးများ၏ အသံများကို မြှင့်တင်ရန် စည်းရုံးလှုံ့ဆော်မှုများလည်း ပြုလုပ်ခဲ့ သည်။ KWHRO တွင် ကူကီး အမျိုးသမီးများ ဘေးကင်းလုံခြုံရာ အိမ်ရာများ (safe houses) နှင့် အမျိုးသမီး များအတွက် ဝန်ဆောင်မှုများ ထားရှိသည်။

ကရင်အမျိုးသမီးအစည်းအရုံး (KWO)

KWO သည် အသိပညာပေးခြင်းနှင့် ဒုက္ခသည်စခန်းများနှင့် ခရိုင်များတွင် စည်းရုံးရေးဆင်းခြင်းအပြင် လုပ်ငန်းစဉ် စောင့်ကြည့်လေ့လာသုံးသပ်မှုများကို ပြုလုပ်ခဲ့သည်။ KWO သည် လိင်အခြေပြု အကြမ်းဖက် မှုများ ရပ်တန့်ရေးအတွက် ၁၆ ရက်တာလှုပ်ရှားမှု ကမ်ပိန်းဆိုင်ရာ အသိပညာများ ပြန့်ပွားစေရန် ဒုက္ခသည် စခန်းအတွင်း လှုပ်ရှားမှုအမျိုးမျိုးကို လုပ်ဆောင်ခဲ့သည်။ KWO ဝန်ထမ်းများသည် အကြမ်းဖက်မှု တိုက်ဖျက်ရေး သတင်းစကားများကို မှူဝေကော ဘားအံနှင့် ဒူးသထူးခရိုင်များအပါအဝင် မယ်လနှင့် အုန်းဖျံဒုက္ခသည် စခန်းအတွင်းရှိ အကြမ်းဖက်မှုခံရသူများအားလုံးအတွက် အကာအကွယ် ပေးရန် တောင်းဆိုခဲ့သည်။ ထို့ပြင် KWO သည် မယ်ရမု၊ မယ်လဥ၊ တောင်ငူခရိုင်၊ အီးထူးထနှင့် ဘန်ဒုံးယ စသည့် နေရာများတွင်လည်း ကမ်ပိန်းလုပ်ဆောင်ခဲ့သည်။ KWO သည် လူတိုင်း ငြိမ်းချမ်းစွာနေထိုင် နိုင်သည့် အကြမ်းဖက်မှု ကင်းစင်သည့် အနာဂတ်တစ်ခု တည်ဆောက်ရန် ကြိုးပမ်းလျှက်ရှိသည်။ အသိပညာပေးခြင်းသည် လူတိုင်း အကြမ်းဖက်မှုကို တားဆီးရန်နှင့် ရှင်သန်လွတ်မြောက်သူများကို အကာအကွယ်ပေးသည့် နည်းလမ်းများ သိရှိရန် သေချာစေသည့် အရေးကြီးသော သော့ချက်ဖြစ်သည်။

ကယန်းအမျိုးသမီးအစည်းအရုံး (KyWO)

KyWO သည် ပဋိပက္ခ စစ်ပွဲအတွင်း အသတ်ခံရသူများ၊ ဒဏ်ရာရသူများနှင့် မတရား ဖမ်းဆီးခံရသူများ၏ အချက်အလက်များကို မှတ်တမ်းကောက်ယူခြင်း၊ စစ်ဘေးသင့် ရပ်ရွာများ၏ ထိခိုက်ခံရသော အိမ်များကို မှတ်တမ်းကောက်ခြင်း၊ စစ်ဘေးရှောင်များ၏ နောက်ဆုံးရ စာရင်းများကို ပြုစုခြင်း၊ အရေးပေါ် ကူညီကယ်ဆယ်ရေးနှင့်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ကိုင်ဆောင်ရွက်ခြင်းအပြင်ကယန်း နှစ်သစ်ကူး ကျင်းပခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ထို့ပြင် KyWO သည် ၁၆ ရက်တာ လှုပ်ရှားမှု အွန်လိုင်း ကမ်ပိန်းအတွက် လှုပ်ရှားမှုဆိုင်ရာ ဓာတ်ပုံနှင့် ဗီဒီယိုများ တင်ခဲ့သည်။

လားဟူအမျိုးသမီးအစည်းအရုံး (LWO)

LWO သည် CEDAW၊ ၁၃၂၅၊ ၁၈၂၀ စသည့် အကြောင်းအရာများနှင့် ပတ်သက်၍ Feminist အွန်လိုင်း ဆွေးနွေးပွဲများ၊ သင်တန်းများပြုလုပ်ခဲ့သည့်အပြင် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အချက်အလက် များကို ကောက်ယူခဲ့သည်။ LWO သည် ၁၆ ရက်တာလှုပ်ရှားမှုနေ့တွင် ဦးထုပ်ကမ်ပိန်းနှင့် အခမ်းအနား ငယ်တစ်ခုကို ပြုလုပ်ခဲ့သည်။ လုံခြုံရေးကြောင့် အခမ်းအနားကြီးကို မပြုလုပ်နိုင်ခဲ့ပေ။ ထိုအခမ်းအနား ငယ်တွင် LWO အနေဖြင့် အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှု ရပ်တန့်ရေးနှင့် ပတ်သက်သည့် ဆောင်ပုဒ်များကို ရှင်းပြခဲ့သည်။ ထိုဆောင်ပုဒ်များမှာ "ဖဲကြိုးဖြူတပ်ကြစို့"၊ "နှုတ်ခမ်းနီဆိုးကြမယ်"၊ "အမျိုးသမီးများအပေါ် မည်သည့်အကြမ်းဖက်မှုမျိုးမဆို အဆုံးသတ်စေရေး"၊ "သွေးစည်း ညီညွတ်မှု ခွန်အား" "ပြစ်ဒဏ်ကင်းလွတ် ခွင့် အဆုံးသတ်မယ်၊ အမြစ်ဖြတ်မယ်"၊ "အမျိုးသမီးများဘဝ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးအတွက် ပြစ်ဒဏ် ကင်းလွတ်ခွင့် အဆုံးသတ်စေရေး"၊ "အမှန်တရားနှင့် တရားမျှတမှု အတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့် အဆုံးသတ် စေရေး" စသည်တို့ဖြစ်သည်။

ပအိုဝ်းအမျိုးသမီးသမဂ္ဂ (PWU)

PWU သည် ဒစ်ဂျစ်တယ်လုံခြုံရေး၊ လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ ဖိုးမီးနစ်ဖက်ဒရယ်စနစ်၊ ဘဏ္ဍာရေးဖက်ဒရယ်စနစ်၊ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်အကြမ်းဖက်မှုများနှင့် နိုင်ငံရေးသုံးသပ်ချက် စသည့်တို့နှင့်ပတ်သက်၍ သင်တန်းများ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ PWU သည် ၁၆ ရက်တာ လှုပ်ရှားမှု အွန်လိုင်းအခမ်းအနားတစ်ခုနှင့် တောင်ကြီး၊ မောက်မယ်နှင့် ရွှာငံတို့တွင် လူတွေ့အခမ်းအနား များ ပြုလုပ်ကျင်းပခဲ့သည်။ အွန်လိုင်းကမ်ပိန်းလှုပ်ရှားမှုတွင် ဉာဏ်စမ်းမေးခွန်းများ၊ ကာတွန်းများ၊ ကဗျာများ၊ ဝတ္ထုပြိုင်ပွဲများနှင့် ဆွေးနွေးပွဲစကားဝိုင်းတစ်ခုကို ပြုလုပ်ခဲ့သည်။ ဉာဏ်စမ်းပြိုင်ပွဲတွင် ပြည်နယ်အသီး သီးမှ စုစုပေါင်း ၆၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အခြားပြိုင်ပွဲများတွင် ၂၇ ဦး ပါဝင်ခဲ့ကြသည်။ PWU မှ အနိုင်ရသူများကို ရွေးချယ်ကာ ဆုများ ပေးအပ်ခဲ့သည်။

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (SWAN)

SWAN သည် ရှမ်းပြည်နယ်ရှိ SGBV နှင့်ပတ်သက်သည့် အချက်အလက်များ ကောက်ယူစုဆောင်းခြင်း၊ ဒီဂျစ်တယ်မားကတ်တင်းနှင့် ဒစ်ဂျစ်တယ်လုံခြုံရေးအပါအဝင် လူငယ်များအတွက် အနာဂတ်ဘဝ စီမံခန့်ခွဲမှု နည်းလမ်းနှင့်ပတ်သက်သည့် ပညာပေးဗီဒီယိုများ ဖန်တီးခြင်း၊ လက်တွဲဖော်များ၏ အကြမ်းဖက်မှု အကြောင်းအရာနှင့်ပတ်သက်၍ ဆွေးနွေးပွဲပြုလုပ်ခြင်းအပြင် ရှမ်း – ထိုင်းနယ်စပ် တလျှောက်ရှိ ကလေးငယ် များအတွက် ပညာသင်ထောက်ပံ့ကြေးများ ပံ့ပိုးပေးခြင်းတို့ကို လုပ်ဆောင် ခဲ့သည်။ ထို့ပြင်လှုပ်ရှားဆောင်ရွက်နေသည့် နယ်မြေများအတွင်း ကျန်းမာရေးစောင့်ရှောက်မှု

ပြဿနာများအား ဖြေရှင်းရန်နှင့် ကူညီဆောင်ရွက်ပေးရန်အတွက် ကွင်းဆင်းလုပ်ဆောင်နေသော ကျန်းမာရေးလုပ်သားများအား ပံ့မှန်ပံ့ပိုးပေးခြင်းအပြင် ရှင်သန်လွတ်မြောက်သူများအတွက် လိုအပ်သည့် ဆေးကုသစရိတ်များ၊ သွားလာရေးစရိတ်များနှင့် အခြေခံလိုအပ်ချက်များကို ကူညီထောက်ပံ့ပေးခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ထို့ပြင် အမျိုးသမီးနီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်း၊ ကွန်ယက်ချိတ်ဆက်မှု ခရီးစဉ်များနှင့် လူထုစည်းရုံးရေးကို လုပ်ဆောင်ခဲ့ပြီး အလုပ်သင်အစီအစဉ်များ လုပ်ဆောင်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် မုဒိမ်းမှုများဆိုင်ရာ အချက်အလက်များကို ကောက်ယူခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ SWAN သည် ပဋိပက္ခအတွင်း ကျရှုံးခဲ့သော အရပ်သူအရပ်သားများနှင့် အမျိုးသမီးသူရဲကောင်းများအတွက် ဖယောင်းတိုင်ထွန်းခြင်းဖြင့် ၁၆ ရက်တာလှုပ်ရှားမှုကို ကျင်းပခဲ့သည်။ ထို့ပြင် ဒေသအတွင်း အကြမ်းဖက်မှု အမျိုးအစားများနှင့် လိင်အခြေပြု အကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးပွဲများကိုလည်း ပြုလုပ်ခဲ့ သည်။

တအာင်းအမျိုးသမီးအစည်းအရုံး (TWO)

TWO သည် ရပ်ရွာလူထုအတွက် ဥပဒေဆိုင်ရာ အကူအညီပေးရေးသင်တန်းများ ပြုလုပ်ပေးခြင်း၊ တိုက်ပွဲများကြောင့် ထိခိုက်ခဲ့သော စစ်ဘေးရှောင်များအတွက် အကူအညီများ ပေးခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ IDR ဝန်ထမ်းအနေဖြင့် ကောက်ယူရရှိထားသည့် အမှုများနှင့်ပတ်သက်၍ နောက်ဆက်တွဲ အချက်အလက် ကောက်ယူစုဆောင်းရန် နယ်မြေဆင်းခြင်း၊ TWO အဖွဲ့ဝင်များအတွက် လုံခြုံရေးမူဝါဒရေးဆွဲခြင်းတို့ လုပ်ဆောင်ခဲ့သည်။ TWO အနေဖြင့် ၁၆ ရက်တာ လှုပ်ရှားမှုအတွက် အွန်လိုင်းလှုပ်ရှားမှုနှစ်ခုကို ပြုလုပ်ခဲ့သည်။ နိုင်ငံရေးနှင့် လုံခြုံရေး အခက်အခဲများကြောင့် TWO သည် လှုပ်ရှားမှုကို လူတွေ့လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပေ။ ပထမလှုပ်ရှားမှုတစ်ခု အနေဖြင့် ပဋိပက္ခဒေသများအတွင်း လိင်အကြမ်းဖက်မှုနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ စိန်ခေါ်မှုများနှင့် ပူးပေါင်းတုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ ဆွေးနွေးပွဲနှင့် နီးနှောဖလှယ်ပွဲ လုပ်ဆောင် ခြင်းဖြစ်ပြီး ဒုတိယ လှုပ်ရှားမှုမှာ ဒီဇင်ဘာ ၁၀ ရက်နေ့တွင် ကျရောက်သည့် လူ့အခွင့်အရေးနေ့တွင် TWO မှ လူ့အခွင့်အရေးချိုးဖောက်မှုအပေါ် ဆွေးနွေးပွဲစကားဝိုင်းတစ်ခု ပြုလုပ်ခြင်း ဖြစ်သည်။ ထိုလှုပ်ရှားမှုများ တွင် နယ်ပယ်အသီးသီးမှ အသက်အရွယ်နှင့် နောက်ခံမတူညီသည့်သူများ တက်ရောက်ခဲ့ကြသည်။

ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU)

TWU သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို အခြေခံမှတ်တမ်းတင်ခြင်း သင်တန်းပို့ချခဲ့ပြီး အမျိုးသမီးများ အတွက် ကိုယ်ရေးကိုယ်တာပစ္စည်းများနှင့်ပတ်သက်၍ ပံ့ပိုးခြင်း၊ Focal အဖွဲ့ဝင်များ၊ တော်လှန်ရေးအဖွဲ့ဝင်များနှင့် အစည်းအဝေးများကျင်းပခြင်း၊ မဟာမိတ်အဖွဲ့အစည်းများ၏ အစည်းအဝေးများ တက်ရောက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် GBV အမှုများနှင့်ပတ်သက်သည့် အချက်အလက်များ ကောက်ယူစုဆောင်းခြင်း၊ အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု သင်တန်းပို့ချခြင်း၊ နိုင်ငံရေးကျဉ်းသူ/ အကျဉ်းသားများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအတွက် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာသင်တန်းကို လူတွေ့လုပ်ဆောင်ခြင်း၊ မဟာမိတ်အဖွဲ့အစည်းများ သို့ လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အချက်အလက်များ လစဉ်ပေးပို့ခြင်း စသည်တို့ကို လုပ်ဆောင် ခဲ့သည်။ ထို့ပြင် TWU သည် သရက်ချောင်းမြို့နယ်နှင့် တောင်ပျောက်တိုက်နယ်တွင် ဖဲကြိုးဖြူလှုပ်ရှားမှု ကမ်ပိန်းကို လမ်းလျှောက်ချီတက်ခြင်းနှင့် စကားဝိုင်းများ ပြုလုပ်ကာကျင်းပခဲ့သည်။ TWU သည် လက်ပန်းချီကမ်ပိန်းကို တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်ခရိုင်၊ ပလောမြို့နယ်နှင့် အခြားမြို့နယ် ၄ ခုတွင် ပြုလုပ်ခဲ့သည်။

တရားမျှတမှုအတွက် အမျိုးသမီးများအဖွဲ့ (WJ)

WJ သည် ဂျဲန်ဒါ၊ အကြမ်းဖက်မှုနှင့် အိမ်တွင်းအကြမ်းဖက်မှု အမျိုးအစားများနှင့်ပတ်သက်သည့် အသိပညာ ပေး ဆွေးနွေးပွဲများကို ပြုလုပ်ခဲ့သည်။ ပစ်မှတ်ဒေသများရှိ မဟာမိတ်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းကာ ဒေသခံပြည်သူအချို့ကို စွမ်းရည်မြှင့်တင်ရေးသင်တန်းများနှင့် TOT သင်တန်းများ ပို့ချပေးခဲ့ပြီး အကြမ်းဖက်ခံရသည့် အမျိုးသမီးရှင်သန်လွတ်မြောက်သူများအား ၎င်းတို့လိုအပ်ချက်များ အတွက် အကူအညီများ ပံ့ပိုးခဲ့သည်။ WJ သည် ၁၆ ရက်တာလှုပ်ရှားမှုအတွက် ခေတ်ပုံကမ်ပိန်းနှင့် ဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။ WJ သည် ဖဲကြိုးဖြူများ၊ အိမ်တွင်းအကြမ်းဖက်မှု ပညာပေးလက်ကမ်း စာစောင်များ၊ လိင်အခြေပြုအကြမ်းဖက်မှုဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များနှင့် အခြား အကြမ်းဖက်မှု အမျိုးအစား အတွက် လက်ကမ်းစာစောင်များ၊ အမျိုးသမီးနှင့် ဥပဒေပညာပေး လက်ကမ်း စာစောင်များကို ဖြန့်ဝေခဲ့သည်။ ဆွေးနွေးပွဲအတွင်းတွင် WJ သည် IWD နေ့ သမိုင်းကြောင်း၊ ၁၆ ရက်တာ လှုပ်ရှားမှုသမိုင်းကြောင်းကို ရှင်းပြခဲ့ပြီး အိမ်တွင်းအကြမ်းဖက်မှုများ အခြားအကြမ်းဖက်မှု အမျိုးအစားများနှင့်ပတ်သက်၍ ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့သည်။

နိဂုံး

အကြမ်းဖက်စစ်တပ်သည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှု မြောက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စနစ်တကျဆက်လက်ကျူးလွန်နေသည်။ အကြမ်းဖက် စစ်တပ်၏ နောက်မဆုတ်စတမ်း ကျူးလွန်နေသည့် အကြမ်းဖက်မှုများကို ကြည့်ခြင်းအားဖြင့် ၎င်းသည် အာဏာ တည်မြဲရေးအတွက် မည်သည့်ကျူးလွန်မှုကိုမှ ရပ်တန့်သွားမည်မဟုတ်ကြောင်း သက်သေပြနေသည်။ အရေးပေါ်လူသားချင်းစာနာထောက်ထားမှု အကူအညီများသည် ယနေ့ချိန်အထိ အကူအညီ လိုအပ်နေသူများထံသို့ ထိရောက်စွာမရောက်ရှိနိုင်သေးပေ။ ထို့ကြောင့် နိုင်ငံတကာ အလှူရှင်များအနေဖြင့် လက်တွေ့ အမှန်တရားကို လက်ခံကာ ချဉ်းကပ်မှုအသစ်အတွက် ဒေသခံ CSO များဘက်သို့လှည့်ရန် အချိန်တန်ပြီဖြစ်သည်။ ဒေသခံ အမျိုးသမီးအဖွဲ့အစည်းများအပြားသည် ယခင်က မကြုံဖူးသည့် လူသားချင်းစာနာ ထောက်ထားမှု အကျပ်အတည်းများကို အလွန်အန္တရာယ်များသော အခြေအနေများအောက်တွင် ထိရောက် စွာ တုံ့ပြန်ဆောင်ရွက်လျှက် ရှိကြသည်။ ၎င်းတို့အနေဖြင့် ဤကဲ့သို့ အရေးကြီးသော လုပ်ငန်းများကို ဆောင်ရွက်ရန် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အကူအညီများ လိုအပ်ပါသည်။

ယခုအခြေအနေအတိုင်းသာ ဆက်ရှိနေမည်ဆိုပါက နိုင်ငံတကာ အသိုင်းအဝိုင်းသည် သမိုင်းတွင် မှားယွင်းသောဘက်၌ ရှိနေမည်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းချမှုအပေါ် အရေးယူ ဆောင်ရွက်မှုမရှိခြင်းနှင့် အကြမ်းဖက်စစ်တပ်အပေါ် လုံလောက်သော ဒဏ်ခတ်ပိတ်ဆို့မှုလုပ်ဆောင်ရန် ပျက်ကွက်ခြင်းများသည် အကြမ်းဖက်စစ်တပ်အား မြန်မာနိုင်ငံ ပြည်သူများအပေါ် လေကြောင်းတိုက်ခိုက် မှုများ၊ ရွာသူရွာသားများကို သတ်ဖြတ်ခြင်းနှင့် အရပ်သားများအား စားနပ်ရိက္ခာနှင့် ကျန်းမာရေးစောင့်ရှောက်မှုများရရှိခွင့်အား တားဆီးမှုများကို ဆက်လက် လုပ်ဆောင်ရန် ခွင့်ပေးနေခြင်းဖြစ်သည်။ လက်ရှိတွင် အကြမ်းဖက်စစ်တပ်သည် ကမ္ဘာပေါ်ရှိ အခြားစစ်အစိုးရ (သို့မဟုတ်) ပြည်သူစစ်များထက် အရပ်သားလူထုအပေါ် ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုများကို ပိုမိုလုပ်ဆောင်နေပြီး အာဖဂန်နစ္စတန်ထက် နှစ်ဆခွဲပိုများပေသည်။ ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိိုင်းအနေဖြင့် ကမ္ဘာလုံး ဆိုင်ရာ လက်နက်ရောင်းချမှုကို ပိတ်ဆို့မှုပြုလုပ်ရန် အထူးအရေးကြီးသည်။ အကြမ်းဖက်စစ်တပ်အနေဖြင့် လေကြောင်းလောင်စာဆီ ပြတ်တောက်မှုဖြစ်ပါက ၎င်းအနေဖြင့် ဂျက်လေယာဉ်များနှင့် အပြစ်မဲ့ပြည်သူ များကို ဗုံးခွဲတိုက်ခိုက်ရန် နည်းလမ်းရှိတော့မည်မဟုတ်ပေ။

ဤကဲ့သို့ တိုင်းပြည်အတွက် အလွန်အရေးကြီးသော အချိန်၌ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများ ပါဝင်မှုသည် ကျား-မတန်းတူရေးဆိုင်ရာ/ ဂျဲန်ဒါ တုံ့ပြန်မှုရှိသည့် မူဝါဒကို ပံ့ပိုးပေးရန်နှင့် အကြမ်းဖက် စစ်တပ်ကိုဖြုတ်ချပြီး အနာဂတ်တွင် ငြိမ်းချမ်းရေးနှင့် တရားမျှတရေးရရှိရန် အလွန်အရေးကြီးပါသည်။

နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့်

REJECT MILITARY COUP/SO-CALLED State Administrative Council

REFERRAL TO ICC for its crimes against humanity

GLOBAL ARMS EMBARGO

STOP SELLING Aviation Fuel to the Junta

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီခေါ် အကြမ်းဖက်စစ်တပ်ကို ငြင်းပယ်ဆန့်ကျင်ရန်။
- ၎င်း၏ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် ICC သို့ ပေးပို့ရန်။
- ကမ္ဘာလုံးဆိုင်ရာ လက်နက်ပိတ်ဆို့မှု ပြုလုပ်ရန်နှင့် အကြမ်းဖက်စစ်တပ်အား လေယာဉ်ဆီမရောင်းရန်
- ငြိမ်းချမ်းစွာ ဆန္ဒပြသူများ အထူးသဖြင့် အမျိုးသမီးလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအတွက် ဂေဟာ/ခိုလှုံရာ နေရာပေးထားသော ဒေသခံလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက် သူများကို ကူညီပံ့ပိုးရန်။
- အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများနှင့် လူထုအခြေပြု လူမှုအဖွဲ့အစည်းများ၏ နိုင်ငံရေး ပါဝင်ခွင့်အတွက် နိုင်ငံအတွင်းရှိ ကူညီဖန်တီးပေးနေသူများအား ကူညီပံ့ပိုးရန်။
- ပဋိပက္ခနှင့် သက်ဆိုင်သော လိင်အကြမ်းဖက်မှုများ၊ ထိန်းသိမ်းထားစဉ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများအပါအဝင် အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများအတွက် အပြစ်ပေးအရေးယူ ခံရခြင်းမှ ကင်းလွတ်ခွင့် ရရှိနေမှုကို အဆုံးသတ်ရန်အတွက် စည်းရုံးလှုံ့ဆော်သော လုပ်ငန်းများ၊ လှုပ်ရှားမှု များအား ကူညီပံ့ပိုးရန်။

WOMEN'S LEAGUE OF BURMA

The Women's League of Burma is an umbrella organization comprising 12 women's organizations of different ethnic and political backgrounds. WLB was founded on 9 December 1999.

Contact info:

secretariat@womenofburma.org

@wlbpower

@womenofburma